

PHOTO: NRC

# CHAPTER 3 • 2015
# COMMUNITY PARTICIPATION

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက အချက်အလက်များ

- လူထုပါဝင်ဆောင်ရွက်မှုသည် Sphere ၏ အဓိကစံနှုန်းများထဲမှ ပထမစံနှုန်းတစ်ခုဖြစ်ပြီး IASC ၏ တာဝန်ခံယူမှု ဆိုင်ရာ ကတိကဝတ် ငါးခုအနက်မှ တစ်ခုဖြစ်သည့်အပြင် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအတွက် အရည်အသွေးပြည့်ဝသော လုပ်ဆောင်ချက်များတွင် အဓိကကျသော သဘောတရား တစ်ခုလည်း ဖြစ်ပါသည်။
- လူထုပါဝင်ဆောင်ရွက်မှုသည် စခန်းလူထုနှင့် စခန်းဝန်ထမ်းများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေး ကျန်းမာသုခ ပြည့်စုံမှုနှင့် လုံခြုံမှုတို့အပေါ် ကောင်းကျိုးသက်ရောက်နိုင်ပါသည်။ တစ်ချိန်တည်းတွင် စခန်းစီမံခန့်ခွဲမှုကို တိုးတက် စေပြီး ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုစံနှုန်းများကို မြင့်တက်စေပါသည်။
- လူထုပါဝင်ဆောင်ရွက်မှုမှာ စခန်းဒီဇိုင်းပုံစံရေးဆွဲမှု၊ စခန်းတည်ထောင်မှုမှ စခန်းပိတ်သိမ်းသည်ထိ စခန်းတွင်းဘဝ စက်ဝန်း၏ အဆင့်များအားလုံး၌ ပေါင်းစပ်ထည့်သွင်းရေးဆွဲရမည့် လုပ်ငန်းအမျိုးမျိုး ပါဝင်ပါသည်။
- အထူးဂရုပြုရမည့်အချက်မှာ သီးခြားလိုအပ်ချက် ရှိနေသူများ၊ ဖယ်ကျဉ်ခံထားရသူများ သို့မဟုတ် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြောရေးဆိုခွင့်မရှိသူများအပါအဝင် လူအုပ်စုများအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရအောင် လုပ်ဆောင် ပေးရန် ဖြစ်ပါသည်။ လူထုအား ပါဝင်ဆောင်ရွက်စေမှုနည်းလမ်းသည် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံများကို လေးစားလိုက်နာရမည် ဖြစ်သလို ထုံးတမ်းစဉ်လာဖြစ်နေသည့် ခေါင်းပုံဖြတ်သော သို့မဟုတ် ဖိနှိပ်ချုပ်ချယ်သော အာဏာဆက်နွယ်မှုများကို ဖြစ်နိုင်ပါက လျော့ပါးသွားအောင် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။
- လူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဆက်စပ်နေသော အခြေ အနေ အကြောင်းခြင်းရာများနှင့် လူထုကို ပါဝင်ဆောင်ရွက်နိုင်စေသော ရှိနှင့်ပြီးသား ဖွဲ့စည်းပုံများကို ဆန်းစစ် လေ့လာကာ တတ်နိုင်သမျှ လူအားလုံးကို ကိုယ်စားပြုသော ပါဝင်ဆောင်ရွက်မှုဖြစ်စေရန်အတွက် ထိုဖွဲ့စည်းပုံများကို အားပေးခြင်း၊ ဆက်လက်တိုးတက်စေခြင်းနှင့် ညှိနှိုင်းပြင်ဆင်ခြင်းတို့ကို နည်းလမ်းရှာကာ ဆောင်ရွက်ပေးရမည် ဖြစ်သည်။ စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီအနေဖြင့် လူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ပေးနိုင်သည့် နည်းလမ်း များစွာ ရှိသော်လည်း အသုံးအများဆုံးနည်းလမ်းမှာ လူထုကိုယ်စားပြု အုပ်စုများမှတစ်ဆင့် ဆောင်ရွက်စေခြင်းပင် ဖြစ်ပါသည်။
- ရပ်ရွာလူထုနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များသည် စခန်း၏ အုပ်ချုပ်ရေးလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်နိုင်ရန် လို အပ်သည့် အသိပညာဗဟုသုတများကို ရရှိလာပါက ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင် သည့် စွမ်းရည်များ တိုးတက်လာပါလိမ့်မည်။ ဤသည်မှာ ဂုဏ်သိက္ခာရှိသည်ဟူသော သိမြင်စိတ်ကို အားပေးရန်၊ အန္တရာယ် ဖြစ်လွယ်မှုကို လျှော့ချရန်နှင့် ဒေသန္တရအဆင့် စွမ်းဆောင်ရည်များကို ပျိုးထောင်ပေးရန် အခြေခံကျသော နည်းလမ်းတစ်ရပ်ဖြစ်ပြီး အရေးပေါ်အခြေအနေများအား ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းဗျူဟာများကိုလည်း အားကောင်းစေပါသည်။
- လူထုပါဝင်ဆောင်ရွက်မှုသည် ရေရှည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ဒေသန္တရအခြေအနေများကို ကောင်းစွာ နားလည် သဘောပေါက်မှု၊ ကောင်းစွာ လေ့ကျင့်သင်တန်းပေးထားသော ဝန်ထမ်းများ၊ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အန္တရာ ယ်လျှော့ချမှုနည်းလမ်းများကို သင့်လျော်သလို ရှာဖွေဆောင်ရွက်နိုင်သော စွမ်းရည်များကို လိုအပ်ပါသည်။

## မိတ်ဆက်

လူသားချင်းစာနာထောက်ထားမှု အသိုင်းအဝန်းတွင် လူထုပါဝင်ဆောင်ရွက်မှုအတွက် အားလုံးသဘောတူ သတ်မှတ်ထားသော အဓိပ္ပါယ်ဖွင့်ဆိုထားမှု မရှိသော်လည်း Sphere Project ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ခံယူမှု အတွက် မိတ်ဖက်ပြုခြင်း (Humanitarian Accountability Partnership – HAP)၊ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုများ၏ ကျင့်ဝတ်စည်းမျဉ်းများ (the Code of Conduct of the Red Cross and Red Crescent Movement) ကဲ့သို့သော လူသားချင်း စာနာထောက်ထားမှုအကူအညီများ၏ အရည်အသွေးကို ထိန်းသိမ်းပေးသည့် လက်ရှိလှုပ်ရှားမှုများ အားလုံး သည် လူထု ပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါမှုကို များစွာ အလေးထားကြပါသည်။

အခန်း (၁) - စခန်းစီမံခန့်ခွဲမှုအကြောင်းတွင် ဖော်ပြထားသကဲ့သို့ လူထုပါဝင်ဆောင်ရွက်မှုသည် စခန်းစီမံခန့်ခွဲမှု၏ အခြေခံအုတ်မြစ်များထဲမှ တစ်ခုဖြစ်ပါသည်။ စခန်းတွင်း၌ ပံ့ပိုးပေးသော ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများအတွက် ရွှေ့ပြောင်းနေထိုင်ရသူများ၏ ရပိုင်ခွင့်ကို ထိန်းသိမ်းပေးရန်နှင့် ထိုကူညီကာကွယ်မှုများ၏ ထိရောက်မှုကို တိုးတက်ကောင်းမွန်စေရန်အတွက် လူထုပါဝင်ဆောင်ရွက်မှုသည် အခရာပင် ဖြစ်ပါသည်။ စခန်းအခြေအနေတွင် လူထုပါဝင်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းနေထိုင်ကြသူများထဲမှ လူအုပ်စုအမျိုးမျိုးအား ပြောရေးဆိုခွင့် ရရှိစေရုံသာမက ယင်းတို့၏ ပြောဆိုတင်ပြမှုများအား လက်ခံကြားနာကာ ယင်းတို့၏ ဘဝများအပေါ် သက်ရောက်နိုင်သော ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ရန်လည်း ဖြစ်ပါသည်။

**Sphere Project ၏ အဓိကစံနှုန်း (၁) - လူထုဗဟိုပြု လူသားချင်းစာနာထောက်ထားသော တုံ့ပြန်မှု**

"ပထမဆုံး အဓိကစံနှုန်းမှာ ဘေးဒဏ်ခံလူထုဖြစ်သော အသက်အရွယ်အမျိုးမျိုးရှိသည့် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောကျ်ားလေးများနှင့် ယင်းတို့၏ ဂုဏ်သိက္ခာရှိစွာ ရှင်သန်ရပ်တည်နိုင်စွမ်းနှင့် နည်းဗျူဟာများအား လူသားချင်းစာနာထောက်ထားမှုဖြင့် တုံ့ပြန်ဆောင်ရွက်ချက်များ၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုထားပါသည်" Sphere Project ၊ ၂၀၁၁၊ လူသားချင်းစာနာထောက်ထားမှု ပဋိညာဉ်စာတမ်းနှင့် လူသားချင်းစာနာထောက်ထားသော တုံ့ပြန်ဆောင်ရွက်မှု၏ မဖြစ်မနေ ထိန်းသိမ်းထားရမည့် စံနှုန်းများ

လူထုပါဝင်ဆောင်ရွက်မှုသည် IASC ၏ ဘေးဒဏ်ခံလူထုထံ တာဝန်ခံယူမှုဆိုင်ရာ ကတိကဝတ်ငါးခုတွင် တစ်ခုဖြစ်ပါသည် (ဦးဆောင်မှု၊ ပွင့်လင်းမြင်သာမှု၊ တုံ့ပြန်အကြံပြုမှုနှင့် တိုင်တန်းမှု၊ လူထုပါဝင်ဆောင်ရွက်မှု နှင့် ဒီဇိုင်းပုံစံ ရေးဆွဲမှု၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်ဆန်းစစ်သုံးသပ်မှု)။ စခန်းဘဝစက်ဝန်း၏ အဆင့်တိုင်းတွင် လူထုပါဝင်ဆောင်ရွက်မှု စဉ်ဆက်မပြတ်ရှိနေပါက ပါဝင်ပတ်သက်သူများအားလုံးထံ တုံ့ပြန်အကြံပြုမှုများ အဆက်မပြတ် ရောက်ရှိရန် လွယ်ကူပါလိမ့်မည်။ ထိုသို့ တုံ့ပြန်အကြံပြုမှုများ ရရှိခြင်းဖြင့် သက်ဆိုင်ရာ ဆောင်ရွက်သူများမှ လိုအပ်သလို ညှိနှိုင်းပြုပြင်နိုင်ပြီး လူသားချင်းစာနာထောက်ထားသော တုံ့ပြန်မှုများသည် လူထု၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိကြောင်း သေချာစေမည် ဖြစ်သည်။

☛ တာဝန်ခံယူမှုနှင့် ပတ်သက်၍ ထပ်မံသိရှိလိုရှိပါက အခန်း (၁) - စခန်းစီမံခန့်ခွဲမှုအကြောင်း - တွင် ကြည့်ပါ။

**စခန်းစီမံခန့်ခွဲမှုတွင် လူထုပါဝင်ဆောင်ရွက်မှုဆိုသည်မှာ အဘယ်နည်း။**

CCCM အစုအဖွဲ့မှ လူထုပါဝင်ဆောင်ရွက်မှုအား အဓိပ္ပါယ်ဖွင့်ဆိုရာတွင် စီမံကိန်းရေးဆွဲမှုနှင့် အရင်းအမြစ်များ လိုအပ် သော လုပ်ငန်းစဉ်တစ်ခု၊ ရွှေ့ပြောင်းနေထိုင်ရသော လူထုထဲမှ လူပုဂ္ဂိုလ်များနှင့် လူအုပ်စုများသည် ၎င်းတို့၏ ကိုယ် ပိုင်အမြင်များနှင့် လိုအပ်ချက်များကို သတ်မှတ်ထုတ်ဖော်ပြောဆိုနိုင်သော လုပ်ငန်းစဉ်၊ စုပေါင်းအားဖြင့် ဖြေရှင်းရန် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သော လုပ်ငန်းစဉ်ဟူ၍ ဖြစ်ပါသည်။ စခန်းဘဝစက်ဝန်း၏ လိုအပ်သောကဏ္ဍများ အားလုံးတွင် လူထုပါဝင်ဆောင်ရွက်မှု ရှိစေခြင်းဖြင့် မှီခိုမှုနှင့် အန္တရာယ်ဖြစ်လွယ်မှုတို့ကို လျော့နည်းသွားစေပါလိမ့်မည်။

နည်းဗျူဟာကျ စီမံကိန်းနှင့် ဒီဇိုင်းပုံစံရေးဆွဲမှု လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆန်းစစ်လေ့လာမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လှန်သုံးသပ်မှုများတွင် လူထုမှ ပါဝင်ဆောင်ရွက်သင့်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှုသည် အခမ်းအနားများ၊ ယဉ်ကျေးမှုဆိုင်ရာပွဲတော်များတွင် ပါဝင်ဆင်နွှဲခြင်းမှစ၍ ဆုံးဖြတ်ချက် ချမှတ်မှုနှင့် စီမံချက်များ အကောင်အထည်ဖော်မှုအထိ ပုံစံအမျိုးမျိုး ဖြစ်နိုင်ပါသည်။ ပါဝင်ပတ်သက်မှု အတိုင်းအတာ၊ တာဝန်ရှိမှုနှင့် လုပ်ပိုင်ခွင့်များသည် အခြေအနေကိုလိုက်ကာ အမျိုးမျိုး ကွဲပြားနိုင်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှုနည်းလမ်းအား အားပေးပံ့ပိုးမှုသည် မကြာခဏဆိုသလို စိန်ခေါ်မှုများစွာကြုံတွေ့ရပြီး ရှုပ်ထွေးကာ ရေရှည်ဆောင်ရွက်ရသော လုပ်ငန်းစဉ် တစ်ခု ဖြစ်နေတတ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် အခြေအနေတစ်ရပ်အတွက် လက်တွေ့ကျသော၊ ဖြစ်နိုင် ခြေရှိသော လူထုပါဝင်ဆောင်ရွက်မှု ပန်းတိုင်များကို ချမှတ်နိုင်ဖို့ဆိုလျှင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ကိုက်ညီ သော အခြေအနေလေ့လာဆန်းစစ်မှုတစ်ခုကို အသေးစိတ်ပြုလုပ်ရန် အရေးကြီးပါသည်။

ဤအခန်း၏ ရည်ရွယ်ချက်မှာ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်တွင် စခန်းလူထုမှ တက်ကြွစွာပါဝင် ဆောင်ရွက်နိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် မည်သို့ အားပေး၊ ကူညီပံ့ပိုးပေးနိုင်မည်ဆိုသည်ကို တင်ပြပေးရန် ဖြစ်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှုသည် အလွန်ကျယ်ပြန့်သော အကြောင်းအရာတစ်ရပ်ဖြစ်သဖြင့် ဤအခန်းတွင် ရှိသမျှ နည်းစနစ် များအားလုံးကို ဖော်ပြနိုင်မည် မဟုတ်ပါ။ အခန်းအဆုံးရှိ ဆောင်ရွက်ရန်နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်း စာအုပ်စာတမ်းများ အပိုင်းတွင် လမ်းညွှန်မှုများကို ထပ်မံရရှိနိုင်ပါသည်။

## လူထုပါဝင်ဆောင်ရွက်မှု အဘယ်ကြောင့် အရေးကြီးပါသနည်း

### လူထုပါဝင်ဆောင်ရွက်မှုသည် လူထု၏ စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်များကို တိုးတက်စေပါသည်

သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ပဋိပက္ခအခြေအနေကြောင့်ဖြစ်စေ စခန်းများ၌ ရွှေ့ပြောင်းနေထိုင်ရသူများမှာ ချို့ငဲ့မှု၊ အခြေခံ လူ့အခွင့်အရေးများ ချိုးဖောက်ခံရမှု၊ အကြမ်းဖက်မှုနှင့် နိပ်စက်ညှင်းပန်းမှု အန္တရာယ်များ ပိုမိုကျရောက်လွယ်လာပါသည်။ မူလက မိမိတို့ဖာသာ စွမ်းဆောင်ရယူနိုင်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ဘေးဒဏ်ထိခိုက်ခံရသော အခြေအနေတွင် အခြားသူများအပေါ် များစွာ မှီခိုလာရပါသည်။ အထူးသဖြင့် စခန်းစီမံအုပ်ချုပ်ရေး၌ ပါဝင်မှု အပါအဝင် လူထုပါဝင်ဆောင်ရွက်မှုများသည် လူများအား ရွေးချယ်နိုင်ခွင့်များရရှိလာစေပြီး၊ ပုံမှန်ဖြစ်၍ ဂုဏ် သိက္ခာရှိသည့် ခံစားချက်များကို ပြန်လည်မွေးမြူနိုင်စေခြင်းဖြင့် သက်ရောက်ခံရမှုများကို လျော့နည်းသွားစေပါသည်။ လူထုပါဝင်ဆောင်ရွက်မှုနှင့် ပိုင်ဆိုင်မှုတို့သည် အရေးပေါ်အခြေအနေ နောက်ပိုင်းကာလ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာ နာလန်ထူမှုအတွက် အဓိကအရေးပါသော အခြေခံအစိတ်အပိုင်းများ ဖြစ်ပါသည်။ လူများအတွက် ပြဿနာ ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မိမိကိုယ်မိမိ လေးစားမှုများ တိုးပွားလာအောင် အထောက်အကူ ပြုနိုင်ပြီး စိတ်ဒဏ်ရာများကို ကုစားရာတွင် ကူညီနိုင်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှုသည် မှီခိုလိုမှုများကို လျော့ပါးစေပြီး မိမိကိုယ်ကို အားကိုးမှုကို တိုးပွားလာစေကာ ရွှေ့ပြောင်းနေထိုင်ရသည့်ကာလ လွန်မြောက်သောအခါ ဘဝရှင်သန် ရပ်တည်မှု အရည်အသွေးများကိုပါ ပျိုးထောင်နိုင်သည်အထိ ကူညီနိုင်ပါသည်။

### လူထုပါဝင်ဆောင်ရွက်မှုသည် စခန်းစီမံခန့်ခွဲမှုအား တိုးတက်ကောင်းမွန်စေပါသည်

လူထုပါဝင်ဆောင်ရွက်မှုသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကတာဝန်ဝတ္တရားများဖြစ်သည့် ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများမှာ စခန်းလူထုနှင့် သင့်လျော်ညီညွတ်မှုရှိကြောင်း သေချာစေရေးအတွက် အထောက်အကူ ပြုပါသည်။ ဦးစားပေး ဖြည့်ဆည်းရမည့် လိုအပ်ချက်များကို ပိုမိုသတ်မှတ်ဖော်ထုတ်နိုင်ပြီး ဒေသခံများ၏ စွမ်းဆောင် ရည်များကို ရယူအသုံးပြုနိုင်မှုကိုလည်း သေချာစေပါသည်။ ဒေသခံများ၏ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ရယူအသုံးပြုခြင်းသည် ပေးဝေနေသော ဝန်ဆောင်မှုများအား စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားနိုင်ရန်လည်း အထောက်အကူပြုပါသည်။ စခန်းလူထု၊ အိမ်ရှင်လူထုနှင့် အခြားပါဝင်ပတ်သက်သူအားလုံးအကြား အပြန်အလှန် ဆွေးနွေးတိုင်ပင်မှုများသည် စီမံချက် ကုန်ကျစရိတ်များကို လျော့နည်းစေရန်၊ လွှမ်းခြုံမှုကို တိုးတက်စေရန်နှင့် အချိန်တို အတွင်း ထိရောက်မှုပိုမိုရှိစေရန် တို့အတွက် ကူညီနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုများတွင် လူထုပါဝင်ဆောင်ရွက်မှုသည် စခန်းတွင်း နေထိုင်မှုဘဝအပေါ် စိတ်ဝင်စားမှုများကို တိုးပွားစေပြီး ဝန်ဆောင်မှုများ၊ လုံခြုံရေးနှင့် စီမံချက်ရလဒ် များအား တိုးတက်စေနိုင်ပါသည်။

**နှစ်လမ်းသွား ဆက်သွယ်ရေး**

စခန်းတစ်ခုအတွင်းရှိ ဆက်သွယ်ရေးဆိုင်ရာ လုပ်ဆောင်မှုများသည် လူထု၏ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်မှုနှင့် ပါဝင်ပတ်သက်သူများ၏ တာဝန်ခံယူမှုတို့ကို အားပေးမြှင့်တင်ရာတွင် မရှိမဖြစ်လိုအပ်ပါသည်။ စခန်းလူထု၏ စခန်းတွင်း နေထိုင်မှုဘဝနှင့်ပတ်သက်သော အမြင်များကို ထည့်သွင်းစဉ်းစားသင့်ပြီး ထိုသူများအား ဆုံးဖြတ်ချက်ချမှတ်မှု အများစုတွင် ထည့်သွင်းပါဝင်စေသင့်ပါသည်။ နှစ်လမ်းသွားဆက်သွယ်မှု ရှိခြင်းသည် နှစ်ဖက်အုပ်စုများအကြား အပြန်အလှန် ဆွေးနွေးမှုရှိနေသည်ဟူသော အဓိပ္ပါယ်ပင် ဖြစ်ပါသည်။ သတင်းအချက်အလက်များသည် မိတ်ဖက်များနှင့် စခန်း လူထုအကြား အပြန်အလှန်ကူးလူးစီးဆင်းနေပါလိမ့်မည်။ လူထုပါဝင်ဆောင်ရွက်မှု ထိရောက်ပါက စခန်းတွင်း နေ့စဉ်

စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာသည့် ဆွေးနွေးမှုများ အဆက်မပြတ် ဖြစ်ပေါ်နေပါလိမ့်မည်။ စခန်းတွင်း အပြန်အလှန်ဆွေးနွေး ပြောဆိုမှုများကို အားပေးမြှင့်တင်ရာတွင် စခန်းလူထုနှင့် တိုက်ရိုက်ထိတွေ့မှုအပြင် မီဒီယာ အသုံးပြုခြင်း၊ ဖုန်းမက်ဆေ့ချ်ပို့ခြင်းနှင့် ဂက်ဘ်ဆိုက် အသုံးပြုခြင်း ကဲ့သို့သော နည်းပညာအသုံးပြုမှုများလည်း ပိုမို ခေတ်စားလာပါသည်။

## အဓိကအရေးကိစ္စများ

### အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

လူထုပါဝင်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသော စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကတာဝန်ဝတ္တရားများမှာ -

- ပါဝင်ပတ်သက်သူများအားလုံးအကြား ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းကို အားပေးမြှင့်တင်၍ ပံ့ပိုးကူညီပြီး ညှိနှိုင်း ဆောင်ရွက်ကြရန်
- လူအုပ်စုအားလုံးမှ စခန်းတွင်းလုပ်ငန်းများတွင် တန်းတူပါဝင်ဆောင်ရွက်နိုင်မှုကို သေချာအောင် ဆောင်ရွက်ရန်
- စခန်းလူထု၊ ဝန်ဆောင်မှုပေးသူများ၊ စခန်းပတ်ဝန်းကျင်မှ ရပ်ရွာလူထုနှင့် အခြား ပါဝင်ပတ်သက်သူ များအကြား ယုံကြည်မှု တည်ဆောက်ရန်
- ခေါင်းဆောင်မှုနှင့် ကိုယ်စားပြုမှုရှိသော အုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို ဖွဲ့စည်းတည်ထောင်ရန်
- နားထောင်ရန်၊ အပြန်အလှန်ဆွေးနွေးရန်၊ သတင်းအချက်အလက်များ အပြန်အလှန်မျှဝေရန်၊ တုံ့ပြန်အကြံပြုမှု နှင့် တိုင်တန်းနိုင်ရန် အခွင့်အလမ်းများကို အားပေးမြှင့်တင်၍ ပူးပေါင်းညှိနှိုင်းကာ ဖန်တီးဖော်ဆောင်ပေးရန်
- အချို့လုပ်ငန်းများ/စီမံချက်များတွင် စခန်းလူထုထဲမှ စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်ကြစေရန်
- စခန်းလုပ်ငန်းများထဲမှဝင်ငွေရရှိစေသည့်အလုပ်များတွင်စခန်းလူထုနှင့်စခန်းပတ်ဝန်းကျင်မှလူထုအားအလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးရန်
- ရပ်ရွာတွင်း ကင်းလှည့်ခြင်းအစီအစဉ်များ၊ သီးခြားလိုအပ်ချက်ရှိသူများကို စောင့်ရှောက်သောအဖွဲ့များ၊ အပန်း ဖြေမှုများ၊ အားကစားနှင့် အခမ်းအနားများကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် လူထုပါဝင်ဆောင်ရွက်မှုကို အားပေးရန်
- စခန်းတွင်းနေထိုင်ပြီး နောက်ပိုင်းကာလ ရပ်တည်နေထိုင်ရမည့် ဘဝအတွက် ပြင်ဆင်ပေးနိုင်ပြီး ရေရှည်တည်တံ့ နိုင်မည့် ဖြေရှင်းနည်းများကိုရရှိစေမည့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများအား အားပေးမြှင့်တင်ရန်နှင့် ညှိနှိုင်း ဆောင်ရွက်ရန်

### လူထုပါဝင်ဆောင်ရွက်မှု အတိုင်းအတာများ

အောက်ပါဇယားတွင် စခန်းလူထု၏ ပါဝင်ဆောင်ရွက်မှုအတိုင်းအတာများကို ခွဲခြားဖော်ပြထားပါသည်။ ရွှေ့ပြောင်းနေထိုင်ရသော လူထု၏ ပါဝင်ဆောင်ရွက်မှုအဆင့်ကို အများဆုံးမှ အနည်းဆုံးသို့ စီပြထားသော ထိုအတိုင်းအတာစကေးသည် အတိအကျ မဟုတ်ဘဲ ခြုံငုံညွှန်ပြထားမှုတစ်ခုသာ ဖြစ်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှုတွင် စခန်းလူထုအား နည်းလမ်း အမျိုးမျိုး၊ အတိုင်းအတာအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်စေသော လုပ်ငန်းမျိုးစုံ ပါဝင်ပါသည်။ ဤဇယားသည် စီမံကိန်း ရေးဆွဲခြင်း သို့မဟုတ် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လှန်ဆန်းစစ်သုံးသပ်ခြင်းတို့ ပြုလုပ်စဉ်တွင် စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၏ လုပ်ငန်းများ၌ လူထုပါဝင်ဆောင်ရွက်မှုအတိုင်းအတာကို ရည်ညွှန်းကိုးကားရာ၌ အသုံးဝင်နိုင်ပါသည်။

| လူထု ပါဝင်ဆောင်ရွက်မှု အတိုင်းအတာ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ကိုယ်ပိုင်အဖြစ် ခံယူ လုပ်ဆောင်မှု | လူထုမှ ဆုံးဖြတ်ချက်ချမှတ်မှုအား ထိန်းချုပ်ထားပြီး အခြားသောမိတ်ဖက်များက ၎င်းတို့၏ အရင်းအမြစ်များကို သုံးစွဲနိုင်မှုစွမ်းရည်အား ကူညီပံ့ပိုးပေးပါသည်။ ထိုအတွက်ကြောင့် မိမိ တို့၏ ကိုယ်ပိုင်အဖြစ် ခံယူမှု ပိုမိုမြင့်မားပြီး တာဝန်သိမှု များကိုလည်း ခိုင်မာစေပါသည်။ |

| | |
|---|---|
| အပြန်အလှန် တုံ့ပြန် ဆောင်ရွက်မှု | ဆုံးဖြတ်ချက်ချမှတ်မှုတွင် လူထုသည် အခြားသော မိတ်ဖက်များနှင့်အတူတကွ ပါဝင် ဆောင်ရွက်ပါသည်။ |
| ဝင်ရောက်ဆောင်ရွက်နိုင်မှု | လူထုသည် လုပ်ငန်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်ကြသော်လည်း ၎င်းတို့၏ ဆုံးဖြတ်ချက်ချမှတ်နိုင်မှု စွမ်းရည်မှာ အကန့်အသတ် ရှိကာ အခြားသောမိတ်ဖက်များက ဆက်လက် ပါဝင်ဆောင်ရွက်နေပါသည်။ |
| တိုင်ပင်ဆွေးနွေးမှု | လူထု၏ အမြင်အယူအဆများကို တောင်းခံကြသော်လည်း မည်သည်ကို လုပ်ဆောင်မည် နှင့် မည်သို့ အောင်မြင်အောင် ဆောင်ရွက်မည်ဆိုသည်ကို လူထုမှ ဝင်ရောက် ဆုံးဖြတ် ခြင်း မရှိပါ။ |
| သတင်းအချက်အလက် လွှဲပြောင်းပေးမှု | သတင်းအချက်အလက်များကို လူထုထံမှ ရယူစုဆောင်းသော်လည်း သတင်းအချက် အလက်သိရှိပြီး ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် လူထုပါဝင်ဆောင်ရွက်မှု မရှိပါ။ |
| ပါဝင်ဆောင်ရွက်မှု မရှိ | လူထုအား အသိပညာမျှဝေပေးသော်လည်း လူထုတွင် ဆုံးဖြတ်ချက်ချရန်နှင့် ဝင်ရောက် လုပ်ဆောင်ရန် လုပ်ပိုင်ခွင့်များ မရှိပါ။ |

ဤအတိုင်းအတာ အဆင့်များတွင် ရွှေ့ပြောင်းနေထိုင်ရသော လူထုအား ပြောရေးဆိုခွင့်နှင့် ဆုံးဖြတ်ချက် ချပိုင်ခွင့် ပေးထားသည့် အတိုင်းအတာကို ဖော်ပြထားပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့်တကွ လူထုပါဝင်ဆောင်ရွက်မှု လုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံးသည် အမြင့်ဆုံးသော ဆုံးဖြတ်ချက်ချမှတ်မှု အာဏာကို စွန့်လွှတ်ရန်အတွက် ဆန္ဒ၊ စွမ်းရည်နှင့် လွတ်လပ်မှုတို့ရှိရမည်ဖြစ်ပါသည်။ လုံခြုံရေးအခြေအနေ၊ စခန်းရှိအုပ်စုများအကြားဆက်ဆံရေး၊ အလှူရှင်များ၏ကန့်သတ်ချက်များ၊ အချိန်ကာလ နှင့် စခန်းလူထု၏ စွမ်းရည် နှင့် စခန်းလူထုမှ အသက်ရှင်သန်နိုင်မှုအပြင် အခြားကိစ္စများအပေါ် အာရုံစူးစိုက်နိုင်စွမ်း စသည့် အကြောင်းခြင်းရာများသည် စခန်းတွင်း လူထုပါဝင်ဆောင်ရွက်မှု အတိုင်းအတာ အပေါ် လွှမ်းမိုးသက်ရောက်နိုင်ပါသည်။

**ဆွေးနွေးတိုင်ပင်မှုနှင့် လူထုပါဝင်ဆောင်ရွက်မှု**

ဆွေးနွေးတိုင်ပင်မှုနှင့် လူထုပါဝင်ဆောင်ရွက်မှုတို့ကြားတွင် အခြေခံကျသော ကွဲပြားခြားနားမှုတစ်ခု ရှိပါသည်။ စခန်း စီမံခန့်ခွဲမှုအေဂျင်စီသည် လူထုအား တိုင်ပင်ဆွေးနွေးမှု မရှိပါက စိတ်ပျက်မှုများစွာ ဖြစ်ပေါ်စေနိုင်သည်မှာ မှန်သော်လည်း တိုင်ပင်ဆွေးနွေးပြီးမှ အရေးယူဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် လူထု၏ အကြံပြုချက်များကို လျစ်လျူရှုခြင်းတို့ မှာ အခြေအနေ ပိုမိုဆိုးရွားသွားစေနိုင်ပါသည်။

## လူထုပါဝင်ဆောင်ရွက်နိုင်သော ဖွဲ့စည်းမှုပုံစံများ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ပေးနိုင်သည့် နည်းလမ်းအမျိုးမျိုး ရှိသော်လည်း အသုံးအများဆုံး နည်းလမ်းတစ်ခုမှာ လူထုကိုယ်စားပြု အုပ်စုများမှတစ်ဆင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဆက်စပ်နေသော အခြေအနေများနှင့် ရှိနှင့်ပြီးသော လူထုပါဝင်ဆောင်ရွက်မှု နည်းလမ်းပုံစံများကို လေ့လာဆန်းစစ်ပြီးနောက်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူ့အုပ်စုအားလုံးကို တတ်နိုင်သမျှ ကိုယ်စားပြုကာ ပါဝင်ဆောင်ရွက်နိုင်စေရန် ထို ဖွဲ့စည်းမှုများအား ပံ့ပိုးနိုင်မည့်၊ ဆက်လက်တိုးတက်စေမည့် နည်းလမ်းများ သို့မဟုတ် ထိန်းညှိပြုပြင်ပေးနိုင်မည့် နည်းလမ်း များကို ကြိုးပမ်းရှာဖွေရပါမည်။ စခန်းအနီးဝန်းကျင်မှ ရပ်ရွာလူထုလည်း ထိုဖွဲ့စည်းမှုများတွင် ပါဝင်နေပါက အကျိုးရှိ ပါသည်။

လူထုကိုယ်စားပြု အုပ်စုများသည် ပုံစံအမျိုးမျိုး ရှိနိုင်ပြီး ထိုအုပ်စုများအား စီမံကိန်းရေးဆွဲမှု၊ အစီအစဉ်ရေးဆွဲအကောင်အထည်ဖော်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လှန်သုံးသပ်စစ်ဆေးမှု၊ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမှုနှင့် ကာကွယ်

စောင့်ရှောက်မှုများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်စေသင့်ပါသည်။ ထိုအုပ်စုများသည် စခန်းတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းအချို့ကို ဆောင်ရွက်နိုင်ပြီး စခန်းတွင်း နေ့စဉ်ကြုံတွေ့နေရသော စိန်ခေါ်မှုများအတွက် ဆုံးဖြတ်ချက်ချနိုင်သော ဆီလျော်သည့် အဖွဲ့အစည်းများထံသို့ ပေးပို့တင်ပြနိုင်ပါသည်။ အဆုံးတွင် ကိစ္စရပ်များစွာအား စခန်းစီမံခန့်ခွဲမှုအဆင့်အထိ ရောက်ရှိမသွားဘဲ ရပ်ရွာလူထုအဆင့်မှာပင် တိုက်ရိုက်ဖြေရှင်းနိုင်မည်ဖြစ်သောကြောင့် ထိုအုပ်စုများ သည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေနိုင်ပါသည်။

စခန်းတစ်ခု၏ စီမံခန့်ခွဲမှု ဖွဲ့စည်းပုံအတွင်းတွင် အမျိုးမျိုးသော ကော်မတီများနှင့် အုပ်စုများ၏ အပြန်အလှန် တုံ့ပြန်ဆောင်ရွက်ပုံသည် ဆက်စပ်နေသောအခြေအနေများပေါ်တွင်မူတည်ပြီး စခန်း၏ အရွယ်အစား၊ ရွှေ့ပြောင်းနေထိုင်ရသည့် အချိန်ကာလ၊ စခန်း၌ ရှိနေသော ပါဝင်ပတ်သက်သူများ အရေအတွက် နှင့် ရွှေ့ပြောင်းနေထိုင်ရသော လူအုပ်စုများတွင် ပါဝင် သူများ အပေါ်တွင်လည်း မူတည်နေနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဖွဲ့စည်းမှု အမျိုးအစား တစ်ခုစီအတွက် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်စည်းမျဉ်းများကို ပြုစုရန် အသိပေးရှင်းလင်းခြင်းနှင့် မူကြမ်းပြုစုနိုင်အောင် ပံ့ပိုးကူညီခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။ ဖွဲ့စည်းမှုအမျိုးမျိုးသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော ပစ္စည်းကိရိယာများနှင့် တွေ့ဆုံနိုင်သည့် နေရာတစ်နေရာတို့ကို လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။
အောက်ဖော်ပြပါ ဖွဲ့စည်းမှုများကို အမည်အမျိုးမျိုး တပ်ထားသော်လည်း အချို့သည် စခန်းအမျိုးမျိုးတွင် အလားသဏ္ဍာန်တူသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေနိုင်သောကြောင့် စခန်းများအားလုံးတွင် ထိုဖွဲ့စည်းမှုများအားလုံး ရှိနေမည် ဟု မျှော်လင့်ထား၍ မရပါ။ အရေးအကြီးဆုံးအချက်မှာ သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြား၊ ပေးပို့နိုင်ပြီး ယင်းတို့ကို ကြားနာကာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်သာ ဖြစ်ပါသည်။

**တွန်းလှန်ကျော်လွှားနိုင်စွမ်းကို ပျိုးထောင်ပေးခြင်း**

လူထုပါဝင်ဆောင်ရွက်သော ဖွဲ့စည်းမှုများက မိမိတို့ဖာသာ စီမံခန့်ခွဲခြင်းနှင့် ကိုယ်ပိုင်အဖြစ် ခံယူလုပ်ဆောင်ခြင်းတို့ကို သင့်တော်သောနည်းလမ်းဖြင့် အားပေးမြှင့်တင်ပေးနိုင်မည်ဆိုလျှင် ထိုဖွဲ့စည်းမှုများကို အခြေပြုကာ ရှေ့ဆက်တိုးတက်အောင် လုပ်ဆောင်သွားနိုင်ပါသည်။ ထပ်ဆောင်းတန်ဖိုးတစ်ခုမှာ လူထု၏အခက်အခဲများကိုတွန်းလှန်ကျော်လွှားနိုင်သည့် စွမ်းအား ခိုင်မာအားကောင်းစေပြီး ရွှေ့ပြောင်းနေထိုင်စဉ်အတွင်းနှင့် နောက်ပိုင်းကာလများတွင် ပတ်ဝန်းကျင် ပြောင်းလဲမှုနှင့် ဘဝအနေအထား ပြောင်းလဲမှုများအတွက် ပိုမိုကောင်းစွာ ပြင်ဆင်သွားနိုင်ခြင်း ဖြစ်ပါသည်။

### စခန်းခေါင်းဆောင်များ

စခန်းကဲ့သို့သော အခြေအနေတစ်ခုတွင် နေထိုင်ကြသော လူအုပ်စုများသည် တမျိုးတစားတည်း ဖြစ်ခဲလှပါသည်။ ရွှေ့ပြောင်းလာကြသောလူအုပ်စုများသည်ကွဲပြားသောနေရာဒေသအမျိုးမျိုးမှလာရောက်ကြပြီးဘာသာစကား၊ကိုးကွယ်သည့်ဘာသာ၊ တိုင်းရင်းသားမျိုးနွယ်စု၊ အသက်မွေးဝမ်းကျောင်းမှု သို့မဟုတ် အလုပ်အကိုင်များမှာ အမျိုးမျိုး ကွဲပြား ခြားနားနေနိုင်ပါသည်။ ထိုသို့ ကွဲပြားနေသောကြောင့် ထိုလူအုပ်စု အားလုံးကို ကိုယ်စားပြုပြီး အုပ်စုတစ်စုစီ၏ ပြဿနာ အသီးသီးကို ထည့်သွင်းစဉ်းစားကာ လူထုအား ထိရောက်စွာ ပါဝင်ဆောင်ရွက်စေရန်မှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။ သို့သော် ရွှေ့ပြောင်းနေထိုင်ကြသော လူအုပ်စုများတွင် တူညီသောအချက်များလည်း ရှိနိုင်ပါသည်။ ဥပမာ တူညီသည့် ဘာသာစကားတစ်ခုကို ပြောဆိုသုံးစွဲကြခြင်း၊ တူညီသည့် မျိုးနွယ်စုတစ်ခုတည်းမှလာခြင်းနှင့် တစ်ရွာတည်းတွင် နေထိုင်ခဲ့ ကြခြင်းတို့ ဖြစ်ပါသည်။

ထို့အတူပင် စခန်းခေါင်းဆောင်များသည်လည်း အမျိုးမျိုး ကွဲပြားနိုင်ပါသည်။ မိမိဖာသာ ခန့်အပ်ထားသော ခေါင်းဆောင် များ၊ ထုံးတမ်းစဉ်လာအရ၊ သက်ဝင်ယုံကြည်မှုအရ အခွင့်အာဏာကို ရယူထားသော ခေါင်းဆောင်များ သို့မဟုတ် လူထု အကျပ်အတည်း ကျရောက်ချိန်တွင် ရှေ့ထွက်ကာ ဦးဆောင်နိုင်သဖြင့် သြဇာတိက္ကမကြီးမားသည့် ခေါင်းဆောင်များ ဟူ၍ အမျိုးမျိုး ဖြစ်နိုင်ပါသည်။ ယေဘုယျအားဖြင့် စခန်းခေါင်းဆောင်များသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အလွန် အရေး ပါ အသုံးဝင်သူများဖြစ်ပြီး မည်သူမည်ဝါ ခေါင်းဆောင်ဖြစ်သည်ကို စခန်းလူထုအား မေးမြန်းကြည့်ရုံဖြင့် အလွယ်တကူ ဖော်ထုတ်သိရှိနိုင်သူများ ဖြစ်ပါသည်။ ထို ခေါင်းဆောင်များသည် မည်သူတို့ကို ကိုယ်စားပြုသည်၊ ၎င်းတို့အားလုံးတွင် တူညီသော ကိုယ်စားပြုမှုနှင့် အခွင့်အာဏာများ ရှိ၊ မရှိ၊ ဥပမာ - ၎င်းတို့သည် ရွာတစ်ရွာတည်းကို ကိုယ်စားပြုနေသလား သို့မဟုတ် ရွာအုပ်စုကြီး တစ်စုကို ကိုယ်စားပြုနေသလား ဟူသောအချက်များကို နားလည်သဘောပေါက်ရန် အရေးကြီး ပါသည်။

စခန်းတွင်းနေထိုင်သူတိုင်းသည် ကိုယ်စားပြုခံရရန် အရေးကြီးသောကြောင့် ကွာဟချက်များကို သတ်မှတ် ဖော်ထုတ်ရန် အရေးကြီးပါသည်။ အထူးသဖြင့် သီးခြားလိုအပ်ချက်ရှိသူများအတွက် ကွာဟချက်များကို သိရှိရန် ပို၍ အရေးကြီးပါသည်။ ၎င်းတို့၏ ပံ့ပိုးကူညီသူအမျိုးမျိုး သို့မဟုတ် လွှမ်းခြုံပေးနေသည့် နေရာဒေသများကို မြေပုံတစ်ခုတည်း ပေါ်တွင် အတူတကွ ရေးဆွဲပေးရန် ထိုခေါင်းဆောင်များအား တောင်းဆိုခြင်းဖြင့် မည်သည့်နေရာများတွင် ကွာဟချက်များ သို့မဟုတ် မလိုအပ်ဘဲ နှစ်ခါထပ်ကာ ဆောင်ရွက်နေမှုများ ရှိနေမည်ဆိုသည်ကို သိရှိရန် အထောက်အကူ ဖြစ်နိုင် ပါလိမ့်မည်။ ထုံးတမ်းစဉ်လာ ဖွဲ့စည်းပုံများအတိုင်း ၎င်းတို့ဖာသာ ဖွဲ့စည်းထားခြင်း မရှိသေးပါက စခန်းတွင်း ခွဲထားသော အတန်း သို့မဟုတ် အကန့်အလိုက် ခေါင်းဆောင်များ ထားရှိကာ ဖွဲ့စည်းပေးမည်ဆိုပါက အသုံးဝင်ပါလိမ့်မည်။ အလွန် ကြီးမားသောစခန်းများတွင် အစု၊ အတန်း၊ အကန့်ဟူ၍ အလွှာအချို့ဖြင့် အထက်အောက်အဆင့်ဆင့် ဖွဲ့စည်းမှုကို အားပေး သင့်ပါသည်။ ထိုသို့ ဖွဲ့စည်းထားခြင်းဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် အများကိုယ်စားပြုကာ ပြောရေးဆိုခွင့်ရှိသူ များအဖြစ် ဆောင်ရွက်နိုင်သည့် လူအနည်းငယ်ဖြင့်သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### ကိုယ်စားပြုမှုရှိရုံနှင့် ပါဝင်ဆောင်ရွက်မှု ရှိမည်ဟု မဆိုနိုင်ပါ

လူထုခေါင်းဆောင်များ သတ်မှတ်ရွေးချယ်မှုသည် ပဋိပက္ခများကိုလည်း ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်စေနိုင်ပါသည်။ ခေါင်း ဆောင်များအား စခန်းတွင်းမှ အုပ်စုအားလုံးက အသိအမှတ်မပြုလျှင် သို့မဟုတ် အားလုံးကို ကိုယ်စားပြုနိုင်သော ဝန်ဆောင်မှုပေးသူများအဖြစ် မရှုမြင်ကြလျှင် ထိုခေါင်းဆောင်များနှင့် လက်တွဲလုပ်ကိုင်နေသော စခန်းစီမံခန့်ခွဲမှု အေဂျင်စီအား ဘက်လိုက်သည်ဟု မြင်လာကြပါလိမ့်မည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းရှိ အုပ်ချုပ်ရေးလုပ်ငန်းအဖွဲ့များသည် စခန်းရှိ ရွှေ့ပြောင်းနေထိုင်သူများ အားလုံး၏ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် တုံ့ပြန်အကြံပြုမှုများအတွက် လုပ်ဆောင်ပေးနိုင်ခြင်း ရှိ၊ မရှိ ပုံမှန် လေ့လာဆန်းစစ်နေသင့်ပါသည်။ လူများက ပါဝင်ဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် စခန်းတွင်းရှိ အုပ်ချုပ်ရေး လုပ်ငန်းစဉ်က ယင်းတို့၏ ပါဝင်ဆောင်ရွက်နိုင်မှုအတွက် အဟန့်အတားဖြစ်နေခြင်းများလည်း ရှိနိုင်သည်။ ထိုကိစ္စရပ်နှစ်ခုစလုံးတွင် ပါဝင် ဆောင်ရွက်မှုသည် ကိုယ်စားပြုမှု ဖြစ်မလာသည့်အတွက် ပါဝင်ဆောင်ရွက်မှုပုံစံအား ပြန်လည်ပြုပြင်ပေးခြင်း သို့မဟုတ် ပိုမို ကောင်းမွန်အောင် ပြုလုပ်ပေးခြင်းတို့ကို လုပ်ဆောင်ရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုနှင့် ဆက်သွယ်ပြောဆိုနိုင်မည့် ဆန်းသစ်တီထွင်သော နည်းလမ်းများကို ရှာဖွေကာ ၎င်းတို့၏ အမြင်အယူအဆများအား ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် လုံလောက်စွာ ထည့်သွင်းစဉ်းစားပေးသင့်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အချို့သူများ၏ အခွင့်အလမ်းများကို ကန့်သတ်ထိန်းချုပ်ထားသော၊ နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု စံနှုန်းများနှင့် ဆန့်ကျင်နေသော ထုံးတမ်းစဉ်လာများကို အားဖြည့်ပံ့ပိုးပေးရန် မသင့်ပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လွယ်ကူအောင် ပြုပြင်ထားသော ဒီမိုကရေစီအတွေးအခေါ်များ နှင့် ဆုံးဖြတ်သည့် လုပ်ငန်းစဉ်များကို ချမှတ်ခြင်း သို့မဟုတ် ပြောင်းရွှေ့နေထိုင်ရသောလူအုပ်စုများအား ပြန်လည်ဖွင့်ဆိုသတ်မှတ်ခြင်း တို့ကို မပြုမိရန် သတိထားသင့်ပါသည်။ ကာကွယ်စောင့်ရှောက်မှု စံနှုန်းများကို မထိခိုက်စေဘဲ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ယဉ်ကျေးမှုအရ လက်သင့်ခံနိုင်ပြီး ထိရောက်သော ကြားနေ မဟာဗျူဟာများကို သတ်မှတ်ဖော်ထုတ်သင့်ပါသည်။

ရွှေ့ပြောင်းနေထိုင်သူလူထုအတွင်းမှ လူအချို့က အခွင့်အာဏာကို တောင်းဆိုနေခြင်းကြောင့် ပါဝင်ဆွေးနွေးမည့်သူ မည်သူ ဖြစ်သင့်သည်ကို သိရှိရန် ခက်ခဲသော အခြေအနေမျိုးကိုလည်း စခန်းစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရင်ဆိုင်ရနိုင် ပါသည်။ တစ်ခါတစ်ရံ တစ်ခုတည်းကျန်သော ရွေးချယ်စရာနည်းလမ်းမှာ အသစ်မှ ပြန်စရန်ဖြစ်ပါသည်။ စခန်းတွင်းနေထိုင် သူများအား ၎င်းတို့၏ ခေါင်းဆောင်များကို အမည်စာရင်းတင်သွင်းရန် သို့မဟုတ် ရွေးကောက်တင်မြှောက်ပေးရန် တောင်းဆိုပါ။ ထုံးတမ်းစဉ်လာ လူထုခေါင်းဆောင်ဖြစ်နေသူများသည် ထိုသို့ ခေါင်းဆောင်သစ်ကို ပြန်လည်တင်မြှောက် သည့်အခါတွင် ခြိမ်းခြောက်ခံရသကဲ့သို့ သို့မဟုတ် အားနည်းချိနဲ့သွားသကဲ့သို့ ခံစားရနိုင်ပါသည်။ ရွေးကောက်ပွဲများ ကျင်းပခြင်း နှင့် အခွင့်အာဏာနှင့် ကိုယ်စားပြုနိုင်သည့်နေရာတို့အတွက် လူရွေးချယ်ခြင်းတို့အား သိမ်မွေ့စွာနှင့် ဂရုတစိုက် လေးလေးစားစား ဆောင်ရွက်ရပါမည်။ မည်သူမဆို မိမိသဘောဆန္ဒအလျောက် ရှေ့ထွက်လာကာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ရမည် ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံအာဏာပိုင်များကို ကိုယ်စားပြုရမည့် စခန်း အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်ဖြစ်ပြီး

လိုအပ်ပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ကူညီပံ့ပိုးပေးရမည် ဖြစ်သည်။ မကြာခဏ ဆိုသလို ရွေးကောက်ပွဲကျင်းပရန်အတွက် ဝန်ထမ်း၊ စာရေးကိရိယာ သို့မဟုတ် မိတ္တူကူးခြင်းတို့ကို လုံလုံလောက်လောက် ကူညီထောက်ပံ့ပေးရန် လိုအပ်ပါသည်။ ထိုအခါ စခန်းလူထုသည် ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည်ဖြစ်ပြီး စခန်း၏ အတန်းသို့မဟုတ် အပိုင်းတစ်ပိုင်းမှ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ကို ရွေးချယ်နိုင်မည် ဆိုလျှင် အကောင်းဆုံးဖြစ်ပါသည်။ စနစ်တကျ စီစဉ်ကျင်းပသော ရွေးကောက်ပွဲများသည် စခန်းတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ ပွင့်လင်းသော ဆက်သွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုရှိသော ပတ်ဝန်းကျင်အနေနှင့် ထူးခြားသော အကျိုးရလဒ်များ ကို ထွက်ပေါ်စေနိုင်ပါသည်။

## လူထုပါဝင်ဆောင်ရွက်သော ဖွဲ့စည်းမှုများကို တည်ထောင်ပုံ အဆင့်ဆင့်

လူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဆက်စပ်နေသော အခြေအနေ များနှင့် လူထုပါဝင်ဆောင်ရွက်နေသည့် ရှိနှင့်ပြီးသား ဖွဲ့စည်းတည်ဆောက်ပုံများကို လေ့လာဆန်းစစ်ခြင်း၊ ယင်းတို့ အား ကူညီပံ့ပိုးပေးရန် နည်းလမ်းရှာခြင်း၊ တတ်နိုင်သမျှ ကိုယ်စားပြုနိုင်ရန်နှင့် လူတိုင်းပါဝင်နိုင်ရန်အတွက် ယင်းတို့ကို ဆက်လက်ပျိုးထောင်ခြင်း နှင့် ညှိနှိုင်းပေးခြင်းတို့ကို ပြုလုပ်ရပါမည်။ လူထုပါဝင်ဆောင်ရွက်မှု ရရှိရန်အတွက် အောက်ပါ အဆင့်များအတိုင်း ဆောင်ရွက်လျှင် အထောက်အကူဖြစ်နိုင်သည်။

၁။ လူထုပါဝင်ဆောင်ရွက်နေသည့် ရှိနှင့်ပြီး ဖွဲ့စည်းမှုများအား လေ့လာဆန်းစစ်၍ လက်ရှိ စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် သည် လူထုအား ပါဝင်ဆောင်ရွက်စေခြင်း ရှိ၊ မရှိ ဆန်းစစ်ခြင်း
၂။ သင့်တော်သော ဖွဲ့စည်းတည်ဆောက်ပုံများကို အခြေပြုကာ ဆက်လက်တိုးတက်အောင် ပံ့ပိုးပေးခြင်း
၃။ မရှိသေးသော ဖွဲ့စည်းတည်ဆောက်ပုံများကို အဆိုပြုတင်ပြကာ ဖွဲ့စည်းပေးခြင်း

**အဆင့် ၁ - လူထုပါဝင်ဆောင်ရွက်နေသည့် ရှိနှင့်ပြီး ဖွဲ့စည်းမှုများအား လေ့လာဆန်းစစ်၍ လက်ရှိ စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် သည် လူထုအား ပါဝင်ဆောင်ရွက်စေခြင်း ရှိ၊ မရှိ ဆန်းစစ်ခြင်း**

အရေးပေါ်အခြေအနေ မဖြစ်ပွားမီကတည်းက ရှိနေသော ဖွဲ့စည်းပုံများဖြစ်စေ၊ အရေးပေါ်အခြေအနေဖြစ်ပွားပြီးမှ ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံများဖြစ်စေ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ယင်းတို့ကို အားပြုကာ ဆက်လက်တိုးတက် အောင် ဆောင်ရွက်သွားနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း၌ မည်သို့သော လူမှုရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာ ဖွဲ့စည်းပုံများရှိနေသည်၊ လူထုပါဝင်မှုတိုးတက်လာစေရန် ယင်းတို့အားအကောင်းဆုံးမည်သို့ပျိုးထောင်ပေးနိုင်မည်ဆိုသည်ကို သုံးသပ်ဆုံးဖြတ်သင့်ပါသည်။ ထိုလေ့လာဆန်းစစ်မှုတွင် စခန်းတွင်းအခြေအနေများ အပေါ် ဩဇာသက်ရောက်နိုင်သည့် ဘေးပတ်ဝန်းကျင် ရပ်ရွာများအတွင်းရှိ ဖွဲ့စည်းပုံများကိုလည်း ထည့်သွင်း လေ့လာသင့်ပါသည်။

**အဆင့် ၂ - သင့်တော်သော ဖွဲ့စည်းမှုများကို အခြေပြုကာ ဆက်လက်တိုးတက်အောင် ပံ့ပိုးပေးခြင်း**

စခန်းတွင်းတွင် ရှိနေသော အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ဖွဲ့စည်းမှုများအား လေ့လာဆန်းစစ်ပြီးပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းစီမံခန့်ခွဲမှုတွင် လူထုပါဝင်ဆောင်ရွက်မှုကို အားပေးသော ဖွဲ့စည်းမှုများကို အခြေပြု ကာ ဆက်လက်တိုးတက်အောင် ပံ့ပိုးပေးသင့်ပါသည်။ ၎င်းမှာ စခန်းတွင်းနေထိုင်သော လူအုပ်စုအားလုံးကို တန်းတူ ညီမျှ ပါဝင်ဆောင်ရွက်စေသော၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများဖြစ်သည့် လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်စွာဆောင်ရွက်မှုတို့နှင့်အညီ လည်ပတ်ဆောင်ရွက်နေသော ဖွဲ့စည်းမှုများကို ဆိုလိုပါသည်။

**အဆင့် ၃ - မရှိသေးသော ဖွဲ့စည်းမှုများကို အဆိုပြုတင်ပြကာ ဖွဲ့စည်းပေးခြင်း**

လေ့လာဆန်းစစ်ခြင်း (အဆင့် ၁) နှင့် သင့်တော်သည့် ဖွဲ့စည်းမှုများကို အခြေပြုကာ တိုးတက်အောင် ပံ့ပိုးပေးခြင်း (အဆင့် ၂) တို့ ဆောင်ရွက်ပြီးလျှင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်း ညှိနှိုင်းကာ မရှိသေးသည့် ဖွဲ့စည်းမှုများကို ဖွဲ့စည်းတည်ထောင်ရန် အဆိုပြုနိုင်ပါသည် (အဆင့် ၃)။ ထိုကဲ့သို့သော လုပ်ငန်းစဉ်အား စခန်းလူထု၏ သဘောတူညီချက်နှင့် စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် အကောင် အထည်ဖော်သင့်ပါသည်။ အသစ်တည်ထောင်သည့် ဖွဲ့စည်းမှုများသည် သင့်လျော်အသုံးဝင်၍ ထိခိုက်လွယ်သော အုပ်စုများအပါအဝင် အားလုံးအတွက် ဝန်ဆောင်မှုများကို ထိရောက်စွာ တန်းတူညီမျှ ပေးနိုင်ရန် အထောက်အကူ ဖြစ်သည်ဟု စခန်းလူထုမှ အသိအမှတ်ပြုသည့် ဖွဲ့စည်းပုံများ ဖြစ်သင့်ပါသည်။

## စခန်းကော်မတီများ

စခန်းကော်မတီများဆိုသည်မှာ စခန်းတွင်း နေထိုင်သူများထဲမှ သီးခြားကဏ္ဍတစ်ခု သို့မဟုတ် ကဏ္ဍစုံနှင့်သက်ဆိုင်သော ကိစ္စရပ်တစ်ခုခုကို စုးစိုက်ဆောင်ရွက်နေသော အုပ်စုများ ဖြစ်ပါသည်။ စခန်းကော်မတီများသည် စခန်းတွင်း ဝန်ဆောင်မှု ပေးနေသူများမှ ဆက်သွယ်ပြောဆိုနိုင်မည့်အဖွဲ့များဖြစ်ပြီး ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် ယင်းတို့အား တာဝန်များ ခွဲဝေပေးသင့်ပါသည်။ သာဓကပြရလျှင် ကျန်းမာရေး၊ အမှိုက်သရိုက် စီမံခန့်ခွဲမှု၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးများ၊ ကလေးများ၊ လူငယ်များနှင့် ထိခိုက်လွယ်သူများကို ကိုယ်စားပြုသော ကော်မတီများ ဖြစ်ပါသည်။ ထိုအထဲမှ ကော်မတီအချို့သည် ဖွဲ့စည်းရန် ခက်ခဲနိုင်ပြီး နားလည်သိတတ်စွာဖြင့် ဂရုတစိုက် ကိုင်တွယ်ဆောင်ရွက်မှုများ လိုအပ်ပါလိမ့်မည်။ အချို့သော အုပ်စုဝင်များသည် ရှေ့ထွက်လိုမှုမရှိခြင်း သို့မဟုတ် မိသားစု များ သို့မဟုတ် ရပ်ရွာလူထုက ၎င်းတို့အနေဖြင့် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည် သို့မဟုတ် အကျိုးရှိမည်ဟု ထင်မြင် ယူဆမှု မရှိခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုကော်မတီသည် အခြားပါဝင်ပတ်သက်သူများနှင့် အတူ လက်တွဲကာ ထိုအုပ်စုများနှင့် ပုဂ္ဂိုလ်များအတွက် သင့်လျော်သောကိုယ်စားပြုမှုနှင့် ကူညီပံ့ပိုးမှုများ ရရှိစေရန် ဆောင်ရွက် ပေးရပါမည်။

စခန်းတစ်ခုအတွင်းရှိ ကော်မတီများသည် ပုံမှန်တွေ့ဆုံစည်းဝေးကြပါသည်။ အချို့ကော်မတီများတွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ရှိနိုင်ပြီး အချို့အားဝန်ဆောင်မှုပေးသူများဖြစ်လာရန် သို့မဟုတ် စခန်းစီမံခန့်ခွဲမှုကော်မတီအတွက် စောင့်ကြည့် ကြီးကြပ်နိုင်စေရန် သို့မဟုတ် စခန်းညှိနှိုင်းရေးအစည်းအဝေးများတွင် စခန်းလူထုအား ကိုယ်စားပြုနိုင်ရန် လေ့ကျင့် သင်တန်း ပေးနိုင်မည် ဖြစ်ပါသည်။ ထို့နောက် ထိုအုပ်စုများသည် စခန်းတွင် ရှိနေသော နိုင်ငံအာဏာပိုင်များ၊ ဝန်ဆောင်မှုပေးသူများ၊ စခန်းမန်နေဂျာနှင့် အနီးဝန်းကျင်ရပ်ရွာမှ လူထုကိုယ်စားလှယ်စသည့် အခြားသော ပါဝင် ပတ်သက်သူများနှင့် တွေ့ဆုံမည်ဖြစ်သည်။ ထိုအစည်းအဝေးများ ကျင်းပပြီးတိုင်း စခန်းစီမံခန့်ခွဲမှုကော်မတီသည် စခန်းလူထုအား သတင်းအချက်အလက်များ ကူညီဖြန့်ဝေ ပေးနိုင်ပြီး တုံ့ပြန်အကြံပြုချက်များပေးကာ သဘောတူထားသော လုပ်ငန်းများကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ပါသည်။

### အနာဂတ်မျိုးဆက်သစ်များကို အားပြုဆောင်ရွက်ခြင်း

လူငယ်များတွင် လူမှုရေးပြောင်းလဲမှုကို အားပေးမြှင့်တင်နိုင်မည့် စွမ်းအင်နှင့် စိတ်အားထက်သန်မှု၊ တက်ကြွမှုနှင့် အစွမ်းသတ္တိများ ရှိပါသည်။ မှန်ကန်စွာ ကူညီပံ့ပိုးပေးမည်ဆိုပါက လူငယ်များသည် စခန်းလူထု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စခန်းများ၏ တည်ငြိမ်ရေးအတွက် အဓိကနေရာမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။ လူထုအတွင်းထိ ဝင်ရောက် ဆောင်ရွက်ပေးသော အစီအစဉ်များ၊ အသိပညာပေးလှုပ်ရှားမှုများ၊ စောင့်ရှောက်ထိန်းသိမ်းမှုလုပ်ငန်းများ ချမှတ် ဆောင်ရွက်ရာတွင် လူငယ်များသည် လှုံ့ဆော်ပေးသူများ၊ သက်ရွယ်တူချင်း ချိတ်ဆက်ထားသော ကွန်ယက်များနှင့် ဆွဲဆောင်စည်းရုံးမှု လုပ်ငန်းများအတွက် ရင်းမြစ်များအဖြစ် ယူဆနိုင်ပါသည်။

## ရပ်ရွာလူထုအုပ်စုများ

ရပ်ရွာလူထုအုပ်စုများသည် များသောအားဖြင့် စရိုက်လက္ခဏာတူညီသော လူများ ဥပမာ အမျိုးသမီးများ၊ ဆယ်ကျော် သက်များ သို့မဟုတ် လုံခြုံရေး၊ ဆရာ-မိဘ ဆက်သွယ်ဆောင်ရွက်မှု၊ သို့မဟုတ် ရေပေးဝေရာနေရာ ပြုပြင်ထိန်းသိမ်းမှု စသည့် ကိစ္စရပ်တစ်ခုခုအား စုးစိုက်ဆောင်ရွက်နေသူများဖြင့် ဖွဲ့စည်းထားသော အုပ်စုများ ဖြစ်ပါသည်။ ရပ်ရွာလူထု အုပ်စု များသည် စောင့်ကြည့်ကြီးကြပ်မှုနှင့် ကိုယ်စားပြုမှုတို့တွင် စခန်းကော်မတီများလောက် ပုံစံတကျ ရှိချင်မှ ရှိပေလိမ့်မည်။ အရွယ်အစား ကြီးမားသော စခန်းများတွင် ရပ်ရွာလူထုအုပ်စုလည်း များပြားနိုင်ပြီး ထိုအုပ်စုများသည် ကိစ္စရပ်များအား စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ သိရှိအာရုံစိုက်လာအောင် တင်ပြပေးခြင်းဖြင့် စခန်းလူထု သို့မဟုတ် သက်ဆိုင်ရာ ဝန်ဆောင်မှု ပေးသူများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ပါသည်။ တစ်ခါတစ်ရံ ရပ်ရွာလူထုအုပ်စုများအား ရပ်ရွာလူထု၏ ယဉ်ကျေး မှုတစ်ရပ်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသုံးပြုကြပါသည်။ အုပ်စုငယ် အစည်းအဝေးများကို များသောအားဖြင့် လိုလားကြိုဆိုကြပြီး စခန်းပတ်ဝန်းကျင်၏ ကောင်းမွန်သော အင်အားတစ်ရပ်အဖြစ် ရှုမြင်ကြပါသည်။ အထူးသဖြင့် လူမှုရေး ဖွဲ့စည်းပုံများ မရှိသေးသော သို့မဟုတ် ပျက်ပြားသွားသော စခန်းများတွင် ဖြစ်ပါသည်။

### အသိပေးရှင်းလင်း တိုက်တွန်းဆွေးနွေးမှု အခန်းကဏ္ဍ

ကော်မတီများ၊ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့များနှင့် အထူးလုပ်ငန်းအဖွဲ့များ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှာ စခန်းစီမံခန့်ခွဲမှုကော်မတီနှင့် ပါဝင်ပတ်သက်သူများထံသို့ သတင်းစကားများကို တင်ပြနိုင်ရန်အတွက် ပြောရေးဆိုခွင့် မရှိသူများကို ပြောရေးဆိုခွင့် ရရှိလာအောင် ဆောင်ရွက်ပေးရေး ဖြစ်ပါသည်။ အချို့ကော်မတီများသည် ၎င်းတို့ ကိုယ်တိုင် အသိပေးတင်ပြမှုများ ပြုလုပ်နိုင်ပြီး အချို့ကော်မတီများမှာမူ ၎င်းတို့ကိုယ်စား တတိယအုပ်စုတစ်စုအား တွန်းအားပေး ဆွေးနွေးရန် တောင်းဆိုနိုင်ပါသည်။ အချို့သော ကော်မတီများအတွက် ပါဝင်ဆောင်ရွက်နေကြောင်း ထင်သာမြင်သာရှိမှုသည် ၎င်းတို့၏ လုံခြုံရေးကို ထိခိုက်နိုင်ခြင်း သို့မဟုတ် ၎င်းတို့၏ ထိခိုက်လွယ်မှု သို့မဟုတ် ဖယ်ကျဉ်ခံရမှုများကို ပိုမို တိုးပွားလာစေနိုင်ပါသည်။

## ဦးတည်အုပ်စုများ

ဦးတည်အုပ်စုများသည် အကြောင်းအရာတစ်ခုကို ဆွေးနွေးပြောဆိုကြသည့် အုပ်စုများဖြစ်ပြီး ထိုအကြောင်းအရာအား နားလည်သဘောပေါက်ရန်နှင့် လေ့လာဆန်းစစ်ရန်အတွက် လူအများ ပါဝင်သော လေ့လာဆန်းစစ်မှု နည်းလမ်းများတွင် အဓိက အသုံးပြုပါသည်။ ထိုအုပ်စုများအား ကျား၊ မ၊ အသက်အရွယ် သို့မဟုတ် လူမှုစီးပွားအခြေအနေများကဲ့သို့ တူညီ သော ဂိသေသလက္ခဏာများပေါ်တွင် အခြေခံကာ ရွေးချယ်ကြပါသည်။ အုပ်စုလိုက်ဆွေးနွေးမှုများအား စခန်းဝန်ထမ်း တစ်ဦးမှ ဦးဆောင်ကူညီပံ့ပိုးပေးပြီး ထိုဝန်ထမ်း၏ တာဝန်မှာ ဝန်ဆောင်မှုတစ်ခု သို့မဟုတ် ကိစ္စရပ်တစ်ခုနှင့် ပတ်သက်၍ အုပ်စုဝင်များ၏ အတွေ့အကြုံများမှတစ်ဆင့် အခြေအနေမှန်ကို ကောင်းစွာ နားလည်သိမြင်မှုများ ရရှိရန် ဖြစ်ပါသည်။ ဆွေးနွေးပြောဆိုမှုများသည် အဖြေ အမှားအမှန်ဟူ၍ မရှိသည့် အရေးပါသော မေးခွန်းအချို့ကို ဦးတည်ဆွေးနွေးကြခြင်း ဖြစ်ပါသည်။ ဦးတည်အုပ်စုများသည် အလွန်ပင်ထိရောက်မှုရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အသက်အရွယ်၊ နောက်ခံ အနေအထား အမျိုးမျိုးရှိကြသော အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများအပေါ် ရွှေ့ပြောင်းနေထိုင်ရခြင်း၏ သက်ရောက်မှု ပုံစံများမှာ မတူညီဘဲ လိုအပ်ချက်များနှင့် ရှုမြင်သုံးသပ်ပုံများမှာလည်း ကွဲပြား သောကြောင့် ဖြစ်ပါသည်။ ဦးတည်အုပ်စုအမျိုးမျိုးမှ ပေးသော အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များအား နှိုင်းယှဉ်လေ့လာခြင်းဖြင့် ကိစ္စရပ်တစ်ခုအား ဘက်ညီ မျှတစွာ အများကို ကိုယ်စားပြုနိုင်သည့် လေ့လာဆန်းစစ်မှုအား ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

## ပူးပေါင်းဆောင်ရွက်မှုအဖွဲ့များ - အထူးလုပ်ငန်းအဖွဲ့များ

ထိုအုပ်စုများမှာ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွက် တိကျသော လုပ်ငန်းတာဝန် သို့မဟုတ် ရည်ရွယ်ချက် တစ်ခုနှင့်အတူ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပြီး တစ်ခါတစ်ရံ မျှော်လင့်မထားသော သို့မဟုတ် အရေးပေါ် ဖြစ်ပေါ်လာသော ကိစ္စရပ်များ အတွက် ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှုအုပ်စုများ သို့မဟုတ် အထူးလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်များသည် သတင်းအချက်အလက်များ စုစည်းရန် သို့မဟုတ် နည်းပညာဆိုင်ရာ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန်အတွက် ၎င်းတို့၏ ကျွမ်းကျင်မှု သို့မဟုတ် အသိပညာဗဟုသုတများအပေါ် အခြေခံကာ ရွေးချယ်ထားခြင်း ဖြစ်ပါသည်။ ဥပမာ ဆယ် ကျော်သက်အရွယ် မိန်းကလေးများ၏ အကြောင်းရင်းမသိရသော ကျောင်းထွက်မှုများအတွက် ထိုကိစ္စရပ်ကို နားလည် သဘောပေါက်ရန်နှင့် ဖြေရှင်းရန်နည်းလမ်းများကို ရှာဖွေရန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ သို့မဟုတ် အထူး လုပ်ငန်းအဖွဲ့ကို တည် ထောင်နိုင်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - သီရိလင်္ကာရှိ စခန်းများ သန့်ရှင်းရေး

ဒုက္ခသည်စခန်းများတွင် အမှိုက်သရိုက်များအား မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့် စိန်ခေါ်မှုကို ရင်ဆိုင်နေရ ပါသည်။ စခန်းများမှာ သေးငယ်ပြီး အမှိုက်များကို ပုံမှန် စွန့်ပစ်နေကြရာ ထိုအမှိုက်များထဲမှ အနည်းငယ်မျှကိုသာ စည်ပင်သာယာရေးအဖွဲ့မှ သိမ်းဆည်းပေးပါသည်။ လုပ်အားပေးလှုခြင်းဟူသည့် ဗုဒ္ဓဘာသာအယူအဆကို အသုံးပြု ကာ စခန်းတစ်ခုတွင် နေထိုင်သူအားလုံး နှင့် စခန်းစီမံခန့်ခွဲမှုကော်မတီတို့သည် `သန့်ရှင်းရေးနေ့´ တွင် အတူတကွ စုဝေးကာ စခန်းစီမံခန့်ခွဲမှုကော်မတီမှ ပံ့ပိုးပေးသော ပစ္စည်းကိရိယာများဖြင့် သန့်ရှင်းရေး ဆောင်ရွက်ကြပါသည်။ နောက်ဆက်တွဲ အနေဖြင့် စခန်းကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းများကို စောင့်ကြည့်ကြီးကြပ်ပြီး ပုဂ္ဂလိကနှင့် အစိုးရ

ဝန်ဆောင်မှုပေးသူများနှင့် လက်တွဲလုပ်ကိုင်စေခဲ့ရာ ယခုအခါ ၎င်းတို့အား အမှိုက်သရိုက်များကို ပိုမိုစနစ်တကျ စီမံခန့်ခွဲရန်အတွက် ခန့်အပ်တာဝန်ပေးထားပြီ ဖြစ်ပါသည်။

### တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရားများ

တင်းမာမှုများနှင့် ပဋိပက္ခများကို လျော့နည်းသက်သာစေခြင်းသည် ကူညီထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများ၊ ပွင့်လင်း မြင်သာသော သတင်းအချက်အလက်ဖြန့်ဝေမှု၊ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောပြမှု၊ တိုင်တန်းမှုနှင့် တုံ့ပြန်အကြံ ပြုမှုယန္တရားများကို တန်းတူညီမျှ လက်လှမ်းမီစေမှုနှင့်လည်း သက်ဆိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုကော်မတီမှ ဆက်လက် အရေးယူဆောင်ရွက်မှုရှိရန် လိုအပ်ပါသည်။ တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရား၏ ထိရောက်မှုသည် လက်ခံရရှိသော အကြံပြုမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ပေးနိုင်မှုတွင် မူတည်နေပါသည်။




"တုံ့ပြန်အကြံပြုမှုလုပ်ငန်းယန္တရားတစ်ခုသည် အနည်းဆုံး အကြံပြုချက်များကို စုဆောင်းမှု၊ အသိအမှတ်ပြုမှု၊ ဆန်းစစ်လေ့လာမှုနှင့် လက်ခံရရှိသော အကြံပြုချက်များကို တုံ့ပြန်ဆောင်ရွက်ပေးမှုတို့ကို ပံ့ပိုးကူညီပေးမှသာ ထိရောက်သည်ဟု ရှုမြင်နိုင်ပြီး ဟာကွက်မရှိ ချိတ်ဆက်နေသည့် ပြည့်စုံသော ကွင်းတစ်ကွင်း ဖြစ်လာပါမည်။ ထိုကွင်းတွင် ဟနေသော နေရာတစ်နေရာရှိလျှင် လုပ်ငန်းယန္တရားသည် အပြည့်အဝ ထိရောက်မှု ရှိမည်မဟုတ်ပါ။"
လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများတွင် တာဝန်ခံယူမှုနှင့် စွမ်းဆောင်မှုများအတွက် တက်ကြွသော သင်ယူမှု ကွန်ယက်၊ ၂၀၁၄၊ လူသားချင်းစာနာထောက်ထားမှုအခြေအနေတွင် ထိရောက်သော တုံ့ပြန်အကြံပြုမှုအတွက် လက်တွေ့ဆောင်ရွက်မှုလမ်းညွှန်

စခန်းကော်မတီများ၊ ဦးတည်အုပ်စုများ၊ ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ သို့မဟုတ် တစ်ဦးချင်းဖြစ်စေ စခန်းလူထုတွင် စခန်းတွင်းရှိ ကူညီထောက်ပံ့မှုများနှင့် ပတ်သက်သည့် တုံ့ပြန်အကြံပြုမှုများကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ဆက်သွယ်ပြောကြားနိုင်သည့် လမ်းကြောင်းတစ်ခုရှိရန် အရေးကြီးပါသည်။ တရားမျှတ၍ ပွင့်လင်းမြင်သာပြီး အားလုံးအတွက် တန်းတူညီမျှ လက်လှမ်းမီရရှိရန်အတွက် လူအားလုံးသိရှိသည့် ပုံစံတကျရှိသော ဖွဲ့စည်းတည်ဆောက်ပုံတစ်ခု တည်ထောင်မည်ဆိုပါက အသုံးဝင်ပါလိမ့်မည်။ စခန်းစီမံခန့်ခွဲမှုကော်မတီ၏ နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တုံ့ပြန် အကြံပြုမှုများကို အလွတ်သဘော လက်ခံကာ ရိုးရှင်းသော ကိစ္စရပ်ကလေးများကို တိုက်ရိုက်ဖြေရှင်းပေးနိုင်ပါသည်။ ပစ္စည်းများ ဖြန့်ဝေပေးစဉ် ဖြစ်ပွားသော၊ တစ်အိမ်တက်ဆင်း သွားရောက်ရာမှ သတ်မှတ်ဖော်ထုတ်နိုင်ခဲ့သော၊ အချို့သော ဝန်ဆောင်မှုပေးသူများ၏ လုပ်ဆောင်ချက်များနှင့်ဆက်နွယ်သော သာမန်ကိစ္စရပ်များကိုမူ စခန်းတွင်းရှိ ပုံမှန်ညှိနှိုင်းအစည်း အဝေးများသို့ တင်ပြနိုင်ပါသည်။ ပိုမိုပုံစံကျသော တရားဝင်နည်းလမ်းများကို အသုံးပြုမည်ဆိုလျှင် သီးခြားဖွဲ့စည်းထား သော ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများဖြင့် တုံ့ပြန်အကြံပြုမှုများကို စုဆောင်းခြင်း၊ လက်ခံ ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ရပါသည်။ တုံ့ပြန်အကြံပြုမှုများကို ကိုင်တွယ်သည့် နည်းလမ်း နှစ်ခုစလုံးတွင် အားသာချက်၊ အားနည်းချက်များ ရှိပါသည်။ အသုံးပြုသော နည်းလမ်းများသည် ဆက်စပ်နေသော အခြေအနေများနှင့် တုံ့ပြန်အကြံပြုမှုကို ကိုင်တွယ်သောနည်းလမ်းများပေါ်တွင် မူတည်

ပါသည်။ များသောအားဖြင့် ပုံစံကျနှင့် အလွတ်သဘော လုပ်ငန်းယန္တရားများကို ရောနှောပေါင်းစပ် အသုံးပြုလေ့ရှိပါသည်။ အကောင်းဆုံးမှာ တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရား များအား မည်သည့်အခြေအနေတွင်မဆို လုပ်ဆောင်သူများမှ နှစ်သက်ကာ နားလည်သဘောပေါက်နိုင်သည့် သုံးစွဲနေကျ ပုံစံများနှင့် နည်းလမ်းများကို အသုံးပြုလျှင် အကောင်းဆုံးဖြစ်ပါသည်။ စခန်းလူထု၏ စာတတ်မြောက်မှုနှုန်း၊ ထိရိုက် လွယ်သော အုပ်စုများအပါအဝင် အားလုံးအတွက် ဘေးကင်းစွာ လက်လှမ်းမီအသုံးချနိုင်မှု၊ ဆက်သွယ်ရေးစနစ်များ၏ လျှို့ဝှက်ချက်ထိန်းသိမ်းမှု၊ လုပ်ငန်းစဉ်ကို ဖော်ဆောင်ရန်အတွက် ရရှိနိုင်သော အရင်းအမြစ်များသည် သင့်တော်သော တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရားတစ်ခုကို ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များ ဖြစ်ပါသည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ၂၀၁၃ ခုနှစ်တွင် ဖွယ်ဒရူ၊ လိုင်ဘေးရီးယားၣ် အစားအစာဝေငှနေစဉ် အတွင်း မကျေနပ်ချက်များရှိပါက တိုင်ကြားနိုင်သည့် ကောင်တာထားရှိခြင်း**

စခန်းစီမံခန့်ခွဲမှုကော်မတီသည် အစားအစာဝေငှမှုများ ပြုလုပ်ပြီးနောက်တွင် စိတ်ဆိုးမာန်ဆိုး တိုင်ကြားမှုများကို လက်ခံရရှိကြပါသည်။ ထိုအချိန်တွင် ပြဿနာကို ဖြေရှင်းပေးရန် အလွန်နောက်ကျသွားပြီဖြစ်သည်။ ထို့ကြောင့် စခန်းလူထု မှ ခွဲတမ်းလက်မှတ်များ၊ ဝေစုများနှင့် မိသားစုအရွယ်အစားဆိုင်ရာ ကိစ္စရပ်များကို ချက်ချင်းလက်ငင်း ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် တိုင်တန်းမှုများကို လက်ခံသည့် ကောင်တာတစ်ခု ထားရှိခဲ့ပါသည်။ ထိုအစီအစဉ်အား စခန်းလူထုမှ ကြိုဆိုခဲ့ကြပြီး ပြဿနာများကို ယခင်ကထက် ပိုမိုလျှင်မြန်စွာ ဖြေရှင်းနိုင်သည့်အတွက် တင်းမာမှုများလည်း သိသိသာသာ လျော့ကျသွားခဲ့ပါသည်။

အလွတ်သဘော တုံ့ပြန်အကြံပြုမှုများ ရရှိရန်အတွက် အသုံးပြုသည့် ဆက်သွယ်ရေးနည်းလမ်းအချို့အား သာဓကပြရလျှင် ကွင်းဆင်းခြင်း၊ ရပ်ရွာလူထု အစည်းအဝေးပွဲများ၊ ဆန်းစစ်လေ့လာမှုနှင့် စောင့်ကြည့်ကြီးကြပ်မှု နည်းလမ်းများ၊ အိမ်ထောင်စုများအတွက် မေးခွန်းလွှာများနှင့် ပစ္စည်းဝေငှပြီးနောက် ဖြည့်စွက်ရမည့် ဖောင်ပုံစံများ ဖြစ်ပါသည်။ ပုံစံကျဖြစ်သော တုံ့ပြန်အကြံပြုမှုများအတွက် အသုံးပြုသော ဆက်သွယ်ရေးနည်းလမ်း နမူနာများမှာ မကျေနပ်ချက်များ တိုင်ကြားမှု ကော်မတီ၊ နစ်နာမှု ဖြေရှင်းရေး ကော်မတီ၊ အကြံပြု စာပုံးများ၊ လူအများ ဖုန်းဖြင့် ပါဝင်ဆွေးနွေးမှုများကို ထုတ်လွှင့်ပေးသော ရေဒီယိုအစီအစဉ်၊ စခန်းစီမံခန့်ခွဲမှုကော်မတီသို့ လိပ်မူရေးသားသော စာများ၊ အရေးပေါ်ဖုန်းလိုင်းများနှင့် SMS မက်ဆေ့ချ်များ သို့မဟုတ် စခန်းစီမံခန့်ခွဲမှုကော်မတီသို့ ရုံးချိန်အတွင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသော အချိန်များအတွင်း သွားရောက်ခြင်းများ ဖြစ်ပါသည်။

**နစ်နာမှုဖြေရှင်းရေး ကော်မတီများ**

နစ်နာချက်ဖြေရှင်းရေး ကော်မတီများသည် အသေးစား အငြင်းပွားမှုလေးများနှင့် စခန်းစည်းကမ်း ဖောက်ဖျက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖွဲ့စည်းတည်ထောင်နိုင်ပါသည်။ ထိုကော်မတီဝင်များသည် ယေဘုယျအားဖြင့် စခန်းတွင်း နေထိုင်သူများမှ လေးစားကြပြီး ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်သင့်ပါသည်။ ၎င်းတို့သည် ဒဏ်ရိုက်ခြင်း သို့မဟုတ် လုပ်အားပေးစေခြင်းတို့ဖြင့် အရေးယူနိုင်ပါသည်။ ထိုကော်မတီများအတွက် ပါဝင်ပတ်သက်နိုင်သော ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပြဋ္ဌာန်းထားရန်လိုပြီး စခန်းစီမံခန့်ခွဲမှုကော်မတီမှ ထိုကော်မတီ၏ လုပ်ငန်းများကို အနီးကပ်စောင့်ကြည့်ကြီးကြပ်ရန် လိုပါသည်။

တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရားများအား လိမ်လည်မှု၊ ငွေအလွဲသုံးစားမှု သို့မဟုတ် အခြားသော အလွဲသုံးစားပြုမှုများကို ကိုင်တွယ်ဖြေရှင်းရန်လည်း အသုံးပြုနိုင်ပါသည်။ထိုသို့ အသုံးပြုရာတွင် အမည်ဖော်ပြရန်မလိုမှုနှင့် လျှို့ဝှက်ထိန်းသိမ်းမှုတို့ကို သေချာစေမည့် သီးခြားလုပ်ထုံးလုပ်နည်းများကို ချမှတ်ရန် အရေးကြီးပါသည်။ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းကဲ့သို့ သတိထားရမည့် ကိစ္စရပ်များတွင် နောက်ဆက်တွဲ ဝန်ဆောင်ပေးရမည့် လုပ်ငန်းများနှင့် လွှဲပြောင်းညွှန်းပို့မှုများသည် သက်ဆိုင်ရာကဏ္ဍရှိ အဖွဲ့အစည်း၏ တာဝန်ဖြစ်သင့်ပါသည်။

☛ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားမှုများအကြောင်းကို ထပ်မံသိရှိလိုပါက - အခန်း (၂) အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ - တွင် ကြည့်ပါ။

တုံ့ပြန်အကြံပြုမှု အမျိုးမျိုးသည် ပုံစံကျနှင့် အလွတ်သဘော လမ်းကြောင်းများမှတစ်ဆင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီထံသို့ ရောက်ရှိလာနိုင်ပါသည်။ နေ့စဉ်လုပ်ငန်းများဖြစ်သည့် ကူညီထောက်ပံ့မှုပုံစံများ (ဥပမာ စံသတ်မှတ်ချက်များ၊ လူထုမှ ပိုမိုနှစ်သက်သော ကူညီထောက်ပံ့မှုအမျိုးအစားများ၊ ပစ္စည်းဖြန့်ဝေမှု အချိန်ဇယား) နှင့် ဆိုင်သော တုံ့ပြန်အကြံပြု မှုများနှင့် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများနှင့် ဆက်နွယ်သော တုံ့ပြန်အကြံပြုမှုများဟူ၍ ခွဲခြား ထားရန် အရေးကြီးပါသည်။ ပထမအမျိုးအစားအတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပြဿနာများကို ကိုင်တွယ်ဖြေရှင်း ရန် အခြားသော ပါဝင်ပတ်သက်သူများနှင့် အနီးကပ် လက်တွဲဆောင်ရွက်ရပါမည်။ ဒုတိယအမျိုးအစား အတွက်မူ အစုအဖွဲ့/ကဏ္ဍအလိုက် ဦးဆောင်အဖွဲ့အစည်းများ၊ နိုင်ငံအာဏာပိုင်များအား ရှင်းလင်းတင်ပြမှု၊ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပုံစံကျနှင့် အလွတ်သဘော တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရားများအား ပေါင်းစပ် ညှိနှိုင်းပေးကာ ဟန်ချက်ညီညီဖြစ်အောင် လုပ်ဆောင်ရာတွင် ထပ်နေခြင်း မရှိစေရန် သို့မဟုတ် လုံးဝမရှိသေးပါက တည်ထောင်နိုင်ရန် အားပေးဆောင်ရွက်ရပါမည်။ အရေးအကြီးဆုံးမှာ တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရားများအားလုံးအတွက် ပြည့်စုံ သော သတင်းအချက်အလက်များကို သိရှိပြီး ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို အသုံးပြုရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှ ရှင်းပြတိုက်တွန်းဆွေးနွေးပြီး ထိုလုပ်ငန်းစဉ်သည် ပါဝင်ပတ်သက်သူများအားလုံးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်လာအောင် ဆောင်ရွက်ပေးသင့်ပါသည်။

## စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း

လူထုကိုယ်စားလှယ်များနှင့် ရပ်ရွာလူထုသည် နည်းပညာကဏ္ဍများနှင့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်သော အသိပညာဗဟုသုတနှင့် အတွေ့အကြုံများ ရရှိပါက ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်စွမ်းများ တိုးတက်လာမည် ဖြစ်ပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအတွက် ပညာပေးအစီအစဉ်များ၊ သင်တန်းများနှင့် စခန်းတွင်းရှိ သင့်တော်သော အကြောင်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် လက်တွေ့သင်ကြားပေးခြင်း နည်းလမ်းများဖြင့် ပြုလုပ် ပေးနိုင်ပါသည်။ ၎င်းတို့ကို လိုအပ်ချက်များ၊ အရင်းအမြစ်များနှင့် ပါဝင်ပတ်သက်သူများအကြား သဘောတူညီထား ချက်များနှင့်အညီ ဝန်ဆောင်မှုပေးသူများ သို့မဟုတ် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတို့မှ ဆောင်ရွက်ပေးနိုင်ပါသည်။ စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီသည် ထိုအစီအစဉ်များအကြား ပေါင်းစပ်ညှိနှိုင်းပေးပြီး ကွာဟချက်များကို ဖြည့်ဆည်းပေးရန်လည်း အသိပေးရှင်းလင်းမှုများ ပြုလုပ်ရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရှိနှင့်ပြီးသား လူထုပါဝင်ဆောင်ရွက်နေသော ဖွဲ့စည်းမှုများတွင် ပါဝင်နေသူအားလုံးအား စခန်းစီမံခန့်ခွဲရာတွင် အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ ရှိနေကြောင်း သေချာအောင် ဆောင်ရွက်ပေးခြင်းဖြင့် ထိုအဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန် အထူးအလေးပေးဆောင်ရွက်သင့်ပါသည်။

### အသိပညာပေးအစီအစဉ်များ

အသိပညာပေးအစီအစဉ်များသည် စခန်းလူထု၏ လူမှုရေးနှင့် ကိုယ်ကာယပိုင်းဆိုင်ရာ သာယာပျော်ရွှင်မှု နှင့် ဆက်နွယ်သော ကိစ္စရပ်များနှင့် သက်ဆိုင်လေ့ရှိပါသည်။ ကျင်းပလေ့ရှိသော အစီအစဉ်များမှာ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များနှင့် စခန်းတွင်းနေလူထု၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အသိပေးသည့် အစီအစဉ်များ ဖြစ်ပါသည်။ ဥပမာ စခန်းစီမံခန့်ခွဲမှုကော်မတီသည် လူထုအခြေပြုလှုပ်ရှားမှုများ၏ အရေးကြီးပုံ၊ လူထုပါဝင် ဆောင်ရွက်နေသော ဖွဲ့စည်းမှုများ၏ အခန်းကဏ္ဍ၊ ကော်မတီဝင်များ၏ ပေးအပ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ် စည်းမျဉ်းများကို စခန်းလူထုအား အသိပေးမည့် အစီအစဉ်များကို အဆိုပြုနိုင်ပါသည်။

### သင်တန်းများ

သင်တန်းများသည် စခန်းတွင်းရှိနေသော အရည်အသွေးများကို ထက်မြက်လာအောင် လေ့ကျင့်သင်ကြားပေးရန် ကျင်းပ လေ့ရှိပါသည်။ စခန်းစီမံခန့်ခွဲမှုကော်မတီသည် စခန်းစီမံခန့်ခွဲမှု၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ၊ ခေါင်းဆောင်မှု၊

အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု၊ ဆက်သွယ်ရေးနည်းစနစ်များ၊ လူထုပါဝင်ဆောင်ရွက်စေသော နည်းစနစ်များ၊ နိုင်ငံတကာစံနှုန်းများနှင့် စခန်းထိန်းသိမ်းပြုပြင်မှုများ ကဲ့သို့သော စခန်းအုပ်ချုပ်မှုလုပ်ငန်းစဉ် ဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ခေါင်းဆောင်များ၊ ကော်မတီများ သို့မဟုတ် အုပ်စုများမှ အဖွဲ့ဝင်များကိုဦးတည်သော သင်တန်းတစ်ခုကို အဆိုပြုနိုင်ပါသည်။ ဝန်ဆောင်မှုပေးသူများသည် အရေးကြီးသည်ဟု ယူဆသော ကဏ္ဍများ အတွက် နည်းပညာ သင်တန်းများကို အစပျိုးပေးနိုင်ပါသည်။ ထိုသို့သော သင်တန်းများတွင် စာရင်းကိုင်ခြင်းမှ ပတ်ဝန်းကျင်သန့်ရှင်းရေးထိန်းသိမ်းမှုအထိ ပါဝင်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သင်တန်းများ လိုအပ် သင့်လျော်သလို အပိုထပ်ဆောင်းရရှိနိုင်ရန်အတွက် အခြားသော ဝန်ဆောင်မှုပေးသူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

> **ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စခန်းများရှိ ချီးမြှင့်ငွေပေးသော သင်တန်းများနှင့် ချီးမြှင့်ငွေ မပေးသော သင်တန်းများ၊ ပန့်လန်၊ ဆိုမာလီယာ၊ ၂၀၁၃ခုနှစ်**
>
> နေရပ်စွန့်ခွာနေထိုင်ရသူများက အေဂျင်စီမှ သင်တန်းများကို တက်ရောက်ခြင်းအတွက် ထောက်ပံ့ငွေပေးရန် တောင်းဆိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် သင်တန်းတက်နေစဉ်ကာလအတွင်း ပုံမှန်အလုပ်များကို သွားမလုပ်နိုင်ဘဲ ဝင်ငွေများ ဆုံးရှုံးရသောကြောင့်ဟု ဆိုပါသည်။
>
> ထိုစခန်းများတွင် သင်တန်းများပေးခဲ့သည့် အစဉ်အလာမရှိဖူးသလို အေဂျင်စီထံတွင်လည်း သင်တန်းသားများကို ထောက်ပံ့ကြေးပေးရန် ဘတ်ဂျက်မရှိပါ။ မည်သို့ပင်ဖြစ်စေ အေဂျင်စီသည် ပြောင်းရွှေ့နေထိုင်သူများအား သင်တန်း တက်ရန်အတွက် ထောက်ပံ့ကြေးများ ပေးခြင်းသည် ၎င်းတို့တွင် မည်သည့်အရာကိုမျှ သင်ယူရန် အမှန်တကယ် စိတ်ပါ ဝင်စားမှုမရှိဟူသည့်အချက်ကို လက်ခံရာရောက်သည်ဟု ယူဆပါသည်။ ထို့ကြောင့် ဘတ်ဂျက်မရှိခြင်းကို လူထု ခေါင်းဆောင်များအား ရှင်းပြကာ မေးခွန်းတစ်ခုကို မေးခဲ့ပါသည်။ "သင်တို့၏ ကလေးများကို ကျောင်းသို့ လွှတ်ကာ ပညာသင်ကြားစေသောအခါ ကျောင်းမှ သင်တို့ကို ထောက်ပံ့ကြေးပေးရန် တောင်းဆိုပါသလား သို့မဟုတ် ကလေးများ ကို ပညာသင်ပေးသည့်အတွက် မိဘတစ်ယောက်အနေဖြင့် သင်တို့က ကျောင်းကို ပေးရပါသလား" ဟူသည့် မေးခွန်း ပင် ဖြစ်ပါသည်။
>
> ဤမေးခွန်းဖြင့် ဆွေးနွေးမှုကို အဆုံးသတ်စေခဲ့ပါသည်။ ထိုဒေသရှိ စခန်းသုံးလေးခုမှ ရွှေ့ပြောင်းနေထိုင်သူများအား သင်တန်းပေါင်းများစွာကို ထောက်ပံ့ကြေးမပေးဘဲ လေ့ကျင့်သင်ကြားပေးခဲ့ကြပါသည်။

## အနီးကပ်ကြီးကြပ်သင်ကြားပေးခြင်း

စခန်းတွင်း သို့မဟုတ် အနီးဝန်းကျင်ရပ်ရွာများမှ လူပုဂ္ဂိုလ်များနှင့် အုပ်စုများအား သင်တန်းများပေးပြီးနောက် ကျွမ်းကျင်မှု အသစ်များကို ပျိုးထောင်လေ့ကျင့်ရာတွင်လည်းကောင်း၊ စခန်းတွင်းသီခြားလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း ဆက်လက်ပံ့ပိုးပေးရန်နှင့် လမ်းညွှန်မှုများပေးရန်အတွက် အနီးကပ်ကြီးကြပ်သင်ကြားပေးခြင်းသည် ထိရောက်သောနည်းလမ်း တစ်ခုဖြစ်ပါသည်။ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့်ပတ်သက်၍ သဘောတူညီထားသော တာဝန်ဝတ္တရားများအတိုင်း အနီးကပ် ကြီးကြပ်သင်ကြားမှုအား စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သို့မဟုတ် ဝန်ဆောင်မှုပေးသူများမှ ဆောင်ရွက်ပါသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ဖော်ထုတ်တွေ့ရှိထားသော ပြဿနာများအတွက် ရပ်ရွာအခြေပြုနည်းလမ်းများဖြင့် ဖြေရှင်းနိုင်စေရန် စခန်း ကော်မတီများနှင့် အုပ်စုများမှ ကော်မတီဝင်များအား အနီးကပ်ကြီးကြပ်သင်ကြားမှုကို အသုံးပြုကာ ကူညီပံ့ပိုးပေးနိုင်ပါသည်။ လူထုပူးပေါင်းဆောင်ရွက်မှု၏ အပိုင်းကဏ္ဍ အားလုံးကဲ့သို့ပင် စခန်းတွင်းဆောင် ရွက်နေသော စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း များအားလုံးကို စဉ်ဆက်မပြတ် ဆက်လက်ကြီးကြပ်ပံ့ပိုးသွားရန် အားပေး ပြီး ရှင်းလင်းတင်ပြဆွေးနွေးသင့်ပါသည်။

> **ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စခန်းစီမံခန့်ခွဲမှုအား အနီးကပ်ကြီးကြပ်သင်ကြားပေးခြင်း၊ ဒါဒပ်ဘ်၊ ကင်ညာ၊ ၂၀၁၃**
>
> သင်တန်းသားများကိုယ်တိုင် စခန်းလုပ်ငန်းအချို့အား စီမံလုပ်ကိုင်နိုင်မည့် အသိပညာများနှင့် လိုအပ်သောနည်းလမ်း အထောက်အကူများကို ပံ့ပိုးပေးသည့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ ပုံမှန်သင်တန်းတက်ရောက်ပြီးသောအခါ လူထုကိုယ်စား

လုယ်အချို့က ဆက်လက်ပါဝင်ဆောင်ရွက်လိုသည့်အတွက် အနီးကပ်ကြီးကြပ်သင်ကြားမှု အစီအစဉ်ကို စတင်ခဲ့ပါ သည်။ သင်တန်းများမှ ရရှိထားသော စခန်းလူထု၏ နည်းပညာဆိုင်ရာ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များကို ဆက်လက်တိုးတက်စေရန် စခန်းစီမံခန့်ခွဲမှု အနီးကပ်ကြီးကြပ်သင်ကြားမှုများအား နောက်ဆက်တွဲအဖြစ် ပြုလုပ် ပေးပါသည်။ စခန်းစီမံခန့်ခွဲမှု၏ အစိတ်အပိုင်းများဖြစ်သည့် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ၊ ပစ္စည်းဖြန့်ဝေမှု၊ ကျားမ လူမှု ကဏ္ဍကို အခြေခံသော အကြမ်းဖက်မှုများနှင့် စခန်းနေရာအစီအစဉ်ရေးဆွဲခြင်း၊ စသည်တို့ကို ကိုင်တွယ်ဖြေရှင်းပုံ များအား အုပ်စုများဖွဲ့ကာ အနီးကပ်ကြီးကြပ်သင်ကြားပေးပါသည်။ ထိုအုပ်စုများအတွက် စခန်းစီမံခန့်ခွဲမှု သင်တန်း ဆရာမှ ဦးဆောင်ပံ့ပိုးပေးသည့် အစီအစဉ်များမှာ အပတ်စဉ် သို့မဟုတ် နှစ်ပတ်တစ်ကြိမ် ကျင်းပပါသည်။ ထိုအစီအစဉ် များအတွင်း သင်တန်းဆရာ၏ ကူညီပံ့ပိုးမှုဖြင့် ပါဝင်ဆောင်ရွက်နေသူများသည် သက်ဆိုင်ရာကဏ္ဍများနှင့် ဆက်နွယ် သော ကွာဟချက်များကို ဆွေးနွေးတိုင်ပင်ကြပြီး လူထုအခြေပြုနည်းလမ်းများကို အဖြေရှာကြပါသည်။ ထို လူထု အခြေပြုလုပ်ရှားမှုများအား အကောင်အထည်ဖော်သောအခါတွင်လည်း စခန်းစီမံခန့်ခွဲမှု သင်တန်းဆရာမှ ဆက်လက် ကူညီ ပံ့ပိုးပေးပါသည်။
ထိုဆောင်ရွက်ချက်သည် ရေရှည်လုပ်ဆောင်ရသည့် နည်းလမ်းတစ်ခုဖြစ်ပြီး သုံးနှစ်ကြာမြင့်ခဲ့ပါသည်။ လူထု၏ ဦးဆောင်လှုပ်ရှားမှုများကို ပျိုးထောင်လေ့ကျင့်ပေးရန်နှင့် လူမှုရေးဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံအသစ်များ ပေါ်ပေါက် လာစေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ဤဆောင်ရွက်ချက်၏ ဦးတည်အုပ်စုများသည် စခန်းစီမံခန့်ခွဲမှုတွင် ကျွမ်းကျင်လိမ္မာ၍ အခြေအနေများကို ဖန်တီးယူနိုင်သူများ ဖြစ်လာကြပြီး ၎င်းတို့၏ ကျွမ်းကျင်မှု များသည် စခန်းတွင်းရှိ လူနေမှုအဆင့်အတန်းအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။

စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်များ၏ ရည်ရွယ်ချက်များနှင့် သာဓကများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

**စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်များ**

| အစီအစဉ် | ရည်ရွယ်ချက်နှင့် သာဓကများ | ဦးတည်အုပ်စု |
|---|---|---|
| အသိပညာပေးခြင်း | ရည်ရွယ်ချက် - စခန်းလူထုအပေါ် သက်ရောက်နိုင်သော အရေးကိစ္စများ နှင့်ဆက်နွယ်၍ အသိပညာတိုးရန်နှင့် နိုးကြားသတိရှိရန်<br>သာဓကများ - စခန်း၏စည်းမျဉ်း စည်းကမ်းများ၊လူထုပါဝင် ဆောင်ရွက်မှု၏ အရေးပါပုံများ၊ လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှု အတွက် ကျင့်ဝတ် စည်းမျဉ်းများနှင့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးပြုရန် အသိပညာပေးသော အစီအစဉ်များ | စခန်းလူထု၊ အနီးဝန်းကျင်ရပ်ရွာမှ လူထု များ၊ နိုင်ငံအာဏာပိုင်များ |

| | | |
|---|---|---|
| လေ့ကျင့်သင်တန်း ပေးခြင်း | ရည်ရွယ်ချက် - စခန်းစီမံခန့်ခွဲမှုနှင့် ယင်းနှင့် ဆက်နွယ်သော အကြောင်းရပ်များတွင် ကျွမ်းကျင်မှုများကို ပျိုးထောင်ပေးရန် သို့မဟုတ် မြှင့်တင်ပေးရန်<br>သာဓကများ - စခန်းစီမံခန့်ခွဲမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး၊ ခေါင်းဆောင်မှု၊ ဆက်သွယ်ရေး၊ လူထုပါဝင် ဆောင်ရွက်စေမှု နည်းလမ်းများဆိုင်ရာ သင်တန်းအစီအစဉ်များ | စခန်းလူထု၊ အနီးဝန်းကျင်ရပ်ရွာမှ လူထုများ၊ နိုင်ငံအာဏာပိုင်များ |
| အနီးကပ်ကြီးကြပ် သင်ကြားခြင်း | ရည်ရွယ်ချက် - လူထုနှင့် လူထုကိုယ်စားလှယ်များအား ပြဿနာများကို သတ်မှတ်ဖော်ထုတ်၊ လေ့လာဆန်းစစ်ကာ လူထုအခြေပြုသော ဖြေရှင်းရန် နည်းလမ်းများကို ရှာဖွေနိုင်အောင် ကူညီပေးရန်<br>သာဓကများ - စခန်းစီမံခန့်ခွဲမှု ကိစ္စရပ်များဖြစ်သော လူထုကာကွယ်စောင့် ရှောက်မှုများအား စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဘေးကင်းမှုနှင့် လုံခြုံမှု၊ မှတ်ပုံ တင်စာရင်းသွင်းခြင်း၊ စာရင်းကိုင်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ သို့လျှောင်ရုံ စီမံခန့်ခွဲမှုနှင့် ဖိုင်တွဲသည့်စနစ်များ စသည်တို့အား အနီးကပ်ကြီးကြပ် သင်ကြားမှု အစီအစဉ်များ | စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းများ၊ စခန်းကော်မတီများ၊ ဝန်ဆောင်မှုပေးသူများ၊ နိုင်ငံအာဏာပိုင်များ |

## ထည့်သွင်းစဉ်းစားရမည့် အခြားသော အချက်များ

### ရင်ဆိုင်ဖြေရှင်းမှု ပုံစံများ

ရင်ဆိုင်ဖြေရှင်းမှု ပုံစံများမှာ ရွှေ့ပြောင်းနေထိုင်ရသော လူထုမှ အပြောင်းအလဲများနှင့် ဖိစီးမှုများကို ရင်ဆိုင်ကျော်လွှားရန်နှင့် ပြဿနာများကို ဖြေရှင်းရန်အတွက် လိုက်လျောညီထွေ အသုံးပြုသော နည်းဗျူဟာများ သို့မဟုတ် တုံ့ပြန်ဆောင်ရွက်မှုများ ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကဏ္ဍအလိုက် အထူးပြုဆောင်ရွက်သူများနှင့်အတူ နီးကပ်စွာ ပူးပေါင်းညှိနှိုင်း၍ စခန်းလူထု အသုံးပြုနေသော နည်းလမ်းပုံစံများကို လေ့လာဆန်းစစ်ကာ သင့်လျော် ကောင်းမွန်သည်ဆိုပါက ပံ့ပိုးကူညီပေးရပါမည်။ ထိုလေ့လာဆန်းစစ်မှုများကို ဦးတည်အုပ်စုများ၊ အလွတ်သဘော ပြောဆို ဆွေးနွေးမှုများ၊ စစ်တမ်းများနှင့် အဓိကသတင်းပေးနိုင်မည့်သူများအား တွေ့ဆုံမေးမြန်းခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။

### ပဋိပက္ခ စီမံခန့်ခွဲမှု

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် တင်းမာမှုများ၊ သဘောထားကွဲလွဲမှုများနှင့် ပဋိပက္ခများကို စီမံခန့်ခွဲရန် ပြင်ဆင်ထားရမည် ဖြစ်ပြီး ပါဝင်ဆောင်ရွက်မှု နည်းဗျူဟာတစ်ခုအနေဖြင့် ဝန်ထမ်းများကိုလည်း ထိုပြဿနာများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်များ မြှင့်တင်ပေးရမည် ဖြစ်ပါသည်။ ထိုသို့ မြှင့်တင်ပေးရာတွင် ဂရုဏာအခြေခံသည့် အကြမ်းမဖက်သော ဆက်သွယ်ရေး (non-violent communication) အပါအဝင် ထိရောက်စွာ ဆက်သွယ်နိုင်သော အရည်အသွေးများကို ဝန်ထမ်းများနှင့် စခန်းလူထုအား လေ့ကျင့်သင်ကြားပေးခြင်းလည်း ပါဝင်နိုင်ပါသည်။ ကျင့်ဝတ်စည်းမျဉ်းများအား အသုံးပြုခြင်းနှင့် လိုက်နာစေခြင်း၊ တိုင်တန်းမှုများကို စစ်ဆေးကာ အုပ်စုဝင်များအား ဖယ်ရှား ရန်နှင့် အစားထိုးရန် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းဟူသည့် ပဋိပက္ခဖြန်ဖြေမှုနှင့် စီမံခန့်ခွဲမှုတို့ကိုလည်း လေ့ကျင့်သင်တန်း ပေးနိုင်ပါသည်။ အခြေအနေများကို ထိန်းသိမ်း၍မရသောအခါမျိုးတွင် လူအများ ဘေးကင်းလုံခြုံရေး အတွက် လုံခြုံရေးလုပ်ထုံးလုပ်နည်းများကိုလည်း သင်ကြားပေးနိုင်ပါသည်။

### ထုံးတမ်းစဉ်လာ ပဋိပက္ခဖြေရှင်းမှု နည်းဗျူဟာ

လူမှုအသိုင်းအဝိုင်း အများအပြားတွင် ထုံးတမ်းစဉ်လာ ပဋိပက္ခဖြေရှင်းမှု နည်းဗျူဟာများနှင့် အစီအမံများ ရှိနေတတ်ပါသည်။ ရပ်ရွာတစ်ခုအတွင်းရှိ အချို့သော ပဋိပက္ခများအား ဖြေရှင်းပေးရန် ရပ်မိရပ်ဖများမှ တစ်ခါတစ်ရံ ကြားဝင် ဆောင်ရွက်ပေးခြင်းများ ရှိတတ်ပါသည်။ ထိုသို့သော အစဉ်အလာအုပ်စုများမှ မည်သည့်ကိစ္စရပ်များကို ဖြေရှင်းပေး နိုင်ကြောင်း သတ်မှတ်ဖော်ထုတ်ရာတွင် ၎င်းတို့အား လူအားလုံးမှ ရှိသေလေးစားခြင်း ရှိ၊ မရှိနှင့် ၎င်းတို့သည် (ဥပမာ အမျိုးသမီးများနှင့် ထိခိုက်အလွယ်ဆုံးသူများအား) မည်သည့်အတိုင်းအတာအထိ ကိုယ်စားပြုနိုင်သည်ဆိုသည်ကို ဆန်းစစ်ရန် အရေးကြီးပါသည်။ အုပ်စုအမျိုးမျိုးမှ ထားရှိသော တန်ဖိုးများသည် ဒေသအလိုက် ဥပဒေများ၊ လူ့အခွင့်အရေးများ၊ နိုင်ငံတကာဥပဒေများနှင့် မည်သည့်အတိုင်းအတာအထိ ကိုက်ညီကြောင်းကို နားလည်သဘောပေါက်ရန် လည်း အရေးကြီးပါသည်။

ထုံးတမ်းစဉ်လာ ပဋိပက္ခဖြေရှင်းမှု ယန္တရားများသည် အောက်ပါတို့အတွက် အသုံးဝင်ပါသည်။

- အချင်းချင်းကြားဖြစ်ပွားသော ပဋိပက္ခများအား ငြိမ်းချမ်းစွာဖြေရှင်းခြင်း
- ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများကို ဖန်တီးဖော်ဆောင်ခြင်း
- အုပ်စုများနှင့် လူထုအား ကိုယ်စားပြုခြင်း
- ကျင့်ဝတ်စည်းမျဉ်းများ၊ စခန်းတွင်း စည်းမျဉ်းစည်းကမ်းများနှင့် စည်းကမ်းချိုးဖောက်မှုများအတွက် အရေးယူမှု များကို အများသိရှိနားလည်းအောင် ရှင်းလင်းခြင်း

### အမျိုးသမီးများအား ပါဝင်ဆောင်ရွက်စေခြင်း

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ချက်ကို နားလည်သဘောပေါက်ခြင်းနှင့် ၎င်းတို့အား စီမံကိန်း ရေးဆွဲမှု၊ ဒီဇိုင်းပုံစံရေးဆွဲမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်စေခြင်းတို့သည် ကာကွယ်စောင့်ရှောက် ရေးနှင့် ဆက်နွယ်သော ပြဿနာအများအပြားကို ကြိုတင်ကာကွယ်နိုင်ပါသည်။ အမျိုးသမီးများအား ပါဝင်ဆောင်ရွက် စေခြင်းသည် တစ်ခါတစ်ရံတွင် ရှုပ်ထွေးခက်ခဲတတ်သော်လည်း ထင်သလောက် အမြဲ ခက်ခဲလှသည်တော့ မဟုတ်ပါ။ အမျိုးသားများ ကြီးစိုးပြီး အမျိုးသမီးများ လူမြင်ကွင်းတွင် ရှိမနေတတ်သည့် လူမှုအဖွဲ့အစည်းများတွင်ပင် အိမ်ထောင်စုများ အတွင်း အဓိက ဆုံးဖြတ်ချက်ချသူများမှာ အမျိုးသမီးများ ဖြစ်နေတတ်ပါသည်။ လူသားချင်းစာနာမှု လုပ်ဆောင်သူများ သည် အိမ်ထောင်စုများနှင့် မိသားစုအရေးကိစ္စများကို ဖော်ထုတ်ဖော်ပြင်ပေးခြင်းဖြင့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်အားပေးနိုင်ပါသည်။ အမျိုးသမီးများအား ထိရောက်စွာ ပါဝင်ဆောင်ရွက်စေမည့် နည်းဗျူဟာများသည် ထုံးတမ်း စဉ်လာကို ဆန့်ကျင်နေသည့် နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်စေခြင်းထက် လူမှုအသိုင်းအဝိုင်းတွင် ၎င်းတို့ရရှိထား သည့် နေရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍများကို အသုံးချကာ လုပ်ဆောင်နိုင်ပါသည်။

**နည်းဗျူဟာများ ရွေးချယ်ခြင်း**

စခန်းစီမံခန့်ခွဲမှုအေဂျင်စီများအနေဖြင့် ရွေးချယ်လိုက်သော နည်းဗျူဟာများသည် အမျိုးသမီးများအား ဖိနှိပ် ခြင်းကို လက်ခံခြင်း၊ အားပေးခြင်း သို့မဟုတ် အားဖြည့်ခြင်းများ ဖြစ်မသွားစေရန် သတိကြီးစွာထားဖို့ လိုအပ်ပါသည်။ ရွှေ့ပြောင်း နေထိုင်ရခြင်း၊ အကြမ်းဖက်ခြင်းနှင့် ပဋိပက္ခများသည် ကျားမခွဲခြားမှုများ၊ တင်းမာမှုများနှင့် တန်းတူညီမျှမရှိမှုများကို ပိုမိုဆိုးရွား စေကြောင်း သိရှိနားလည်ထားရမည်ဖြစ်သည်။

အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုအတွက် အတားအဆီးများမှာ ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမျိုးသမီးများ၏ တာဝန် ဝတ္တရားများအဖြစ် သတ်မှတ်ထားသော အချိန်များစွာ ပေးရသည့် အိမ်မှုကိစ္စ အများအပြားကြောင့်ပင် ဖြစ်သည်။ ရွှေ့ပြောင်း နေထိုင်ရသော အမျိုးသမီးများသည်လည်း များသောအားဖြင့် မိသားစုကိုပြုစုစောင့်ရှောက်ရသည့် အလွန်ပင်ပန်း ဆင်းရဲလှသော တာဝန်များ ပိနေတတ်ပြီး အခြားသော လုပ်ဆောင်မှုများအတွက် အချိန်မပေးနိုင်ဘဲ ရှိတတ်ပါသည်။ထို့ကြောင့် လူထုပါဝင်ဆောင်ရွက်မှု လုပ်ဆောင်ချက်တိုင်းသည် လူတို့၏ နေ့စဉ်ဘဝ အဖြစ်မှန်များ၊ ၎င်းတို့၏ ပြင်းပြသော စိတ်ဆန္ဒများနှင့် မျှော်လင့်ချက်များကို ထည့်သွင်းစဉ်းစားကာ အသေးစိတ်အစီအစဉ်များ ရေးဆွဲဆောင်ရွက် ရမည် ဖြစ်ပါသည်။ ပန်းတိုင်များ၊ ရည်မှန်းချက်များ၊ ဖြစ်ပေါ်လာနိုင်ခြေရှိသော အခက်အခဲအတားအဆီးများ၊ ထပ်ဆောင်း ပံ့ပိုးမှုများနှင့် ဆက်လက်အရေးယူ ဆောင်ရွက်မှုများကို လျော်ကန်ထိုက်သင့်စွာ အလေးထား ဆောင်ရွက်ပေးရပါမည်။ ထပ်ဆောင်းပံ့ပိုးမှုများကို သာဓကပြရမည် ဆိုလျှင် ကလေးထိန်းပေးသည့် အစီအစဉ်များနှင့် ဖြစ်နိုင်ပါက အိမ်မှုကိစ္စများ အား မျှဝေဆောင်ရွက်စေခြင်းတို့ကို သင့်တော်သလို ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။

## အလုပ်အကိုင်

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ဝန်ဆောင်မှုပေးသူများသည် စခန်းတွင်းရှိ အချို့သော လုပ်ငန်းများကို ပြီးမြောက်အောင်မြင် အောင် ဆောင်ရွက်ရန်အတွက် လုပ်သားအင်အား လိုတတ်ပါသည်။ လစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလုပ်အကိုင် ပေးခြင်းသည် တိုက်ရိုက်ပါဝင်ဆောင်ရွက်မှု ပုံစံတစ်ခု မဟုတ်သော်လည်း အစီအစဉ်များနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများ အပေါ်တွင် ဩဇာသက်ရောက်မှုရှိနိုင်ပါသည်။ နည်းပညာပိုင်းဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်နေသူများသည် ဆရာဆရာမများ၊ အင်ဂျင်နီယာများ၊ ကျန်းမာရေးဝန်ထမ်းများသို့မဟုတ် ဆောက်လုပ်ရေးဝန်ထမ်းများကို ရှာဖွေခန့်အပ် မည်ဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများမှာမူ အုပ်ချုပ်ရေးမှူးများ၊ စကားပြန်များ၊ စာရင်း ကိုင်များ၊ ဝယ်ယူပို့ဆောင်သူများနှင့် သိုလှောင်ရုံဝန်ထမ်းများကဲ့သို့သော အထောက်အကူပြုလုပ်သားများကို လိုအပ်နိုင် ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လိုအပ်သော ကျွမ်းကျင်မှုများ ရှိနေသူများအား ရှာဖွေဖော်ထုတ်သင့်ပါသည်။ စခန်းလူထု၏ ပညာအရည်အချင်းနှင့် အလုပ်အကိုင်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား မှတ်ပုံတင် စာရင်းသွင်းချိန်တွင် စုဆောင်းထားတတ်ကြပါသည်။

မည်သို့သော အလုပ်အကိုင်မျိုးအား လုပ်ခငွေပေးရမည်ဆိုသည်ကို ဆုံးဖြတ်ရာတွင်လည်း သဘောထားကွဲလွဲမှုများစွာကို ပေါ်ပေါက်နိုင်စေပါသည်။ မိဘဆရာအသင်း၊ ကလေးစောင့်ရှောက်ရေးအသင်းကဲ့သို့သော စခန်းကော်မတီများတွင် ပါဝင် ဆောင်ရွက်မှုများအား စေတနာ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်စေခြင်းသည် လက်ခံနိုင်ဖွယ်ရှိပါသည်။ သို့သော် လုပ်ခငွေ ရသော အလုပ်နှင့်မရသောအလုပ်များအပေါ် အမြင်များမှာဆက်စပ်နေသော အခြေအနေအကြောင်းခြင်းရာများပေါ်တွင် မူတည်ကာ များစွာကွဲပြားတတ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းရှိ ပါဝင်ပတ်သက်သူအားလုံးအကြားတူ ညီသော နည်းဗျူဟာတစ်ခုကို ကျင့်သုံးရန် စေ့စပ်သေချာစွာ စဉ်းစားသုံးသပ်ရပါမည်။ လစာရသော၊ ထောက်ပံ့ကြေး ရသော သို့မဟုတ် စေတနာ့ဝန်ထမ်းအဖြစ် စည်းရုံးလုပ်ဆောင်စေသော အလုပ်အမျိုးမျိုးရှိနိုင်ပါသည်။ လုပ်ခလစာပေးရန် မဆုံးဖြတ်ခင် ထည့်သွင်း စဉ်းစားရမည့် အချက်အချို့ရှိပါသည်။ အချိန်ပြည့် အလုပ်လုပ်ပေးရသူတစ်ဦးသည် မိသားစုကို ပံ့ပိုးရန်အတွက် အခြားတစ်နေရာမှ ဝင်ငွေရရှိအောင် ရှာဖွေနိုင်ရန် အချိန်အလုံအလောက်ရှိတော့မည် မဟုတ်သည့် အတွက် လုပ်ခလစာပေးရန် သင့်ပါသည်။ ဈေးတွင် အိမ်သာများ သန့်ရှင်းရေးလုပ်ခြင်းကဲ့သို့ အများပြည်သူအကျိုး သယ်ပိုးသူအား လူနေတန်းလျားများမှ အိမ်သာများကို သန့်ရှင်းသူထက် လုပ်ခလစာပေးရန် ပိုမို သင့်လျော်ပါသည်။ အလုပ် လုပ်သူများ စွန့်စားရသည့် ထိခိုက်နိုင်မှုများ နှင့် လုပ်ခလစာပေးခြင်းဖြင့် လာဘ်ငွေ တောင်းခံမှုနှင့် လက်ခံမှုများ ဖြစ်နိုင်ခြေကို လျှော့ချနိုင်မည်လားဆိုသည်ကိုလည်း

ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

လုပ်ခလစာပေးသော အခြေအနေများတွင် ဝန်ဆောင်မှုပေးသူအားလုံးအကြား အလုပ်ခန့်ထားသူများကိုပေးသော လစာငွေများနှင့် စေတနာ့ဝန်ထမ်းများကိုပေးသော ထောက်ပံ့ကြေးများကို ညှိနှိုင်းကာ ပေးစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်ရမည်ဖြစ်သည်။ စခန်းတည်ထောင်ခဲ့သည့် အစောပိုင်းကာလကတည်းက မည်သို့သော အလုပ်မျိုးကို လုပ်ခလစာ ပေးမည်ဆိုသည်ကို သဘောတူညီသတ်မှတ်ထားပြီး ဖြစ်သင့်ပါသည်။

## အနီးပတ်ဝန်းကျင်ရပ်ရွာမှ လူထုနှင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ခြင်း

အရင်းအမြစ်များကို ပြိုင်ဆိုင်ရယူသုံးစွဲခြင်းနှင့် ဒေသ၏ လိုအပ်ချက်များကို လျစ်လျူရှုခြင်းသည် စခန်းလူထုနှင့် ဒေသခံများအကြား သဘောထားကွဲလွဲမှုများကို တိုးပွားလာစေနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရွှေ့ပြောင်းနေ ထိုင်ရသူများနှင့် ဒေသခံများအကြား ကြားခံတစ်ခုအနေဖြင့် ဆောင်ရွက်ရပါသည်။ တင်းမာမှုများ မြင့်တက်လာစေနိုင်သည့် အချက်များကို သတ်မှတ်ဖော်ထုတ်ရာတွင် လက်ဦးမှု ရယူသင့်ပြီး ပြဿနာများကိုအဖြေရှာရန်အတွက် လူမှုအသိုင်းအဝိုင်း နှစ်ခုစလုံးနှင့် လက်တွဲဆောင်ရွက်သင့်ပါသည်။

ဒေသခံများကိုယ်တိုင် ဆင်းရဲချို့တဲ့နေပါက သို့မဟုတ် ပဋိပက္ခ သို့မဟုတ် ကပ်ဘေးအန္တရာယ်၏ဒဏ်ကို ခံခဲ့ရပါက ဒေသခံ များ၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ရန် အလွန်အရေးကြီးပါသည်။ အချို့နေရာများတွင် စခန်းကို လက်ခံ နေရာပေး ထားသော လူထုသည် စခန်းလူထုထက် လူနေမှုအဆင့်အတန်း နိမ့်ကျနေခြင်းမျိုးလည်း ရှိတတ်ပါသည်။ စခန်း၏ တည်ရှိနေမှုသည် ၎င်းတို့အား ခြောက်လှန့်နေနိုင်ပြီး စခန်းတွင် နေထိုင်သူများသည် ထင်း၊ မြေ၊ သောက်သုံးရေနှင့် အလုပ်အကိုင်များကို ၎င်းတို့နှင့် ယှဉ်ပြိုင်လုယူလိမ့်မည်ဟု ပူပင်ကြောင့်ကြနေနိုင်ပါသည်။ စခန်းမှ အပြင်သို့ လာရောက်သူ များ၏ အနေအထိုင် အပြုအမူများအတွက်လည်း အနီးဝန်းကျင်ရပ်ရွာမှ လူထုက ပူပင်သောက ရောက်တတ်ပါသည်။ အထူးသဖြင့် ထိုသူများသည် လက်နက်ကိုင်အုပ်စုများနှင့် ပတ်သက်နေသည်ဟု ယူဆလျှင် ပိုမိုပူပန်ကြပါသည်။ အမျိုးသမီးများနှင့် ကလေးများသည် စခန်းလူထုနှင့် ရောနှောနေထိုင်သည်ကို တွေ့ရှိပါက ဒေသခံ အမျိုးသားများက ၎င်းတို့၏ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူနေမှုဘဝပုံစံ နှင့် ဘာသာစကားများအတွက် အန္တရာယ်ရှိသည်ဟု ယူဆတတ်ကြ ပါသည်။

ထိုသို့သော ဒေသခံများနှင့် စခန်းလူထုကြား တင်းမာမှုများကိုကိုင်တွယ်ဖြေရှင်းရာတွင် အမျိုးမျိုးသော ကဏ္ဍများနှင့် ဆက်နွယ် နေနိုင်ပြီး အဖွဲ့အစည်းပေါင်းစုံ ပါဝင်ဆောင်ရွက်သော နည်းလမ်းကို အသုံးပြုရန် လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းလူထုနှင့် အနီးဝန်းကျင် ရပ်ရွာလူထုကြား အဆက်အသွယ်ရှိအောင် ဆောင်ရွက်ပေးပြီး အနီးဝန်းကျင်မှ လူထုကိုယ်စားလှယ်များအား တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် ၎င်းတို့အား စခန်းတွင်း ညှိနှိုင်းအစည်းအဝေး များသို့ တက်ရောက်စေခြင်းတို့ကိုလည်း ဆောင်ရွက်ရပါမည်။ ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်မည့် နည်းလမ်းများတွင် -

- ➔ လူထုစီမံချက်များတွင် အနီးဝန်းကျင်မှ ရပ်ရွာလူထုကိုပါ ကူညီပံ့ပိုးပေးရန် ဝန်ဆောင်မှုပေးသူများအား ရှင်းလင်းတင်ပြတိုက်တွန်းခြင်း
- ➔ စခန်းနှင့် စခန်းအနီးဝန်းကျင်မှ လူထုအားလုံး အတူတကွပါဝင်သော လူမှုရေးအခမ်းအနားများ၊ ပွဲများကို ကျင်းပပေးခြင်း
- ➔ သဘာဝပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ရေးကဲ့သို့ တူညီသော လှုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်ပေးခြင်း
- ➔ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များ၏ ရပိုင်ခွင့်များနှင့် စခန်းစီမံခန့်ခွဲမှု တို့အကြောင်း သင်တန်းများ ကျင်းပပေးခြင်း
- ➔ အနီးဝန်းကျင်မှ ရပ်ရွာလူထုကို အလုပ်အကိုင်များ ပေးခြင်း (သို့မဟုတ် အလုပ်အကိုင်ပေးရန် ရှင်းလင်း တင်ပြဆွေးနွေးခြင်း)
- ➔ အနီးဝန်းကျင်ရပ်ရွာတွင်းမှ ကန်ထရိုက်တာများကို ငှားရမ်းခြင်း

အနီးဝန်းကျင်မှ ရပ်ရွာလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများထဲမှ အချို့ကို ဖွင့်ထားပေးနိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ ထိုလုပ်ဆောင်ချက်များသည် အနီးဝန်းကျင်မှ ရပ်ရွာလူထုအား ငွေကြေးကူညီထောက်ပံ့မှုများ ပေးနိုင်မည် ဖြစ်သလို လူထုနှစ်ရပ်ကြား တင်းမာမှုများ လျော့ပါးသွားအောင် ကူညီနိုင်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အနီးဂန်းကျင်မှ လူထုအား ပါဝင်စေမှု၊ ဆိုမာလီဒုက္ခသည်စခန်း၊ ကင်ညာနိုင်ငံ၊ ၂၀၁၃ခုနှစ်

နေထိုင်စရာနှင့် သက်ဆိုင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီတစ်ခု၏ ကူညီပံ့ပိုးမှုဖြင့် ဒုက္ခသည်များသည် မြေကြီးကို အသုံးပြုကာ အိမ်ဆောက်ရန်အတွက် ရွှံ့စေးအုတ်ခဲများကို ပြုလုပ်ကြပါသည်။ ညှိနှိုင်းအစည်းအဝေးများနှင့် အခါအားလျော်စွာကျင်းပသော အစည်းအဝေးများတွင် အနီးဂန်းကျင်မှ လူထုက မြေကြီးများမှာ ချိုင့်ခွက်များနှင့်ပြည့်ကာ လမျက်နှာပြင်ကဲ့သို့ ဖြစ်နေပြီဟုဆိုကာ ထို အိမ်ဆောက်စီမံချက်အား ရပ်တန့်ရန် အရေးဆိုကြပါသည်။ ဤနေရာတွင် ထိုအေဂျင်စီ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ အနီးဂန်းကျင် ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများကို အချိန်ယူကာ နားလည်သဘောပေါက်အောင် ကြိုးစားခဲ့ပြီး အေဂျင်စီ၏ ကူညီပံ့ပိုးမှုကို မရသော ထိုမြို့ခံများ၏ အိမ်ရာအခြေအနေများသည်လည်း စခန်းလူထုနည်းတူ ဆိုးရွားလျက်ရှိနေသည်ကိုလည်း လက်ခံအသိအမှတ်ပြုခဲ့ပါသည်။ ထို့အတွက်ကြောင့် မြို့ခံများအနေဖြင့် လူသားချင်းစာနာမှုလုပ်ဆောင်သူများသည် ၎င်းတို့အတွက် မည်သည့်အကျိုးကျေးဇူးကိုမျှ ဖြစ်ထွန်းစေမည်မဟုတ်ဟု တွေးထင်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၊ မြို့ခံများနှင့် ဂန်ဆောင်မှုပေးသူများအကြား အပြန်အလှန်ပြောဆိုဆွေးနွေးကြပြီးသောအခါ အဖြေတစ်ခုထွက်လာပါသည်။ စခန်းအပြင်ဘက်တွင် တူးဖော်ရန် စီစဉ်ထားသော ရေလှောင်ကန်များကို ဒေသခံကန်ထရိုက်တာများကို ငှားရမ်းကာ တူးဖော်ရန်ဖြစ်ပါသည်။ ထို ရေလှောင်ကန်များ တူးဖော်ရာမှ ထွက်လာသော မြေကြီးများဖြင့် ဒုက္ခသည်များအတွက် ရွှံ့အုတ်များ ပြုလုပ်နိုင်ပြီး မိုးရာသီတွင် ရေလှောင်ကန်များ ရေပြည့်သွားသောအခါ မြို့ခံများအတွက် ခြောက်သွေ့ရာသီများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အသုံးပြုရန် ရေကို ရရှိနိုင်ပါသည်။

## လူအချင်းချင်းဆက်ဆံရေးတွင် ကျွမ်းကျင်မှုရှိရန် အရေးကြီးပုံ

စခန်းစီမံခန့်ခွဲမှုဂန်ထမ်းများနှင့် စခန်းလူထုကြား အပြန်အလှန်ဆွေးနွေးပြောကြားနိုင်မှုနှင့် ဖလှယ်မှုများသည် လူထုပါဝင်ဆောင်ရွက်မှု နည်းလမ်းတိုင်းအတွက် အခရာကျသော အချက်ဖြစ်ပါသည်။ ထိုဆွေးနွေးဖလှယ်မှုများသည် လေးစားစွာ ဆက်ဆံမှု၊ ပွင့်လင်းမြင်သာမှု၊ သင့်မြတ်လျော်ကန်သော စိတ်နေသဘောထား၊ အပြုအမူနှင့် စခန်းလူထု၏ ဓလေ့ထုံးစံနှင့် ယုံကြည်မှုများကို ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နားထောင်ပေးခြင်း၊ ဆက်သွယ်ခြင်း၊ ဦးဆောင်ကူညီပံ့ပိုးခြင်း၊ ပဋိပက္ခစီမံခန့်ခွဲမှု၊ လူထုပါဝင်ဆောင်ရွက်မှုနည်းလမ်းများနှင့် ပူးပေါင်းညှိနှိုင်း အဖြေရှာမှုတို့ အပါအဝင် လူအချင်းချင်းဆက်ဆံရာတွင် ကျွမ်းကျင်မှုရှိသော ပြည်တွင်းနှင့် နိုင်ငံတကာမှ ဂန်ထမ်းများကို ရှာဖွေခန့်အပ်ရပါမည်။ ထိုဂန်ထမ်းများအတွက် စဉ်ဆက်မပြတ် ကြီးကြပ်ခြင်း၊ သင်တန်းပေးခြင်းနှင့် အနီးကပ်သင်ကြားပေးခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးရပါမည်။

### လူထုပါဝင် လေ့လာဆောင်ရွက်ခြင်း နည်းလမ်း (Participatory Learning and Action Approach - PLA)

လူထုပါဝင်လေ့လာဆောင်ရွက်ခြင်းနည်းလမ်းသည် ရပ်ရွာလူထုအကြောင်းလေ့လာရန်နှင့် ၎င်းတို့အားပါဝင်ဆောင်ရွက်စေရန် နည်းလမ်းပင်ဖြစ်ပါသည်။ PLA သည် အရှေ့အာဖရိကနှင့် အိန္ဒိယမှ စတင်ပေါ်ထွက်လာခြင်းဖြစ်ပြီး ယခုအခါ တိုင်းပြည်အများအပြားနှင့် အခြေအနေအမျိုးမျိုးတွင် အသုံးပြုနေကြပြီဖြစ်ပါသည်။ PLA တွင်ရပ်ရွာလူထုအနေဖြင့်ဆန်းစစ်လေ့လာမှုများ၊ သုံးသပ်ဝေဖန်မှုများနှင့် စီမံကိန်းရေးဆွဲမှုများကို ကိုယ်တိုင်ဆောင်ရွက်နိုင်စေမည့်၊ စိန်ခေါ်မှုများကို အရေးယူဖြေရှင်းနိုင်စေမည့် ချဉ်းကပ်ဆောင်ရွက်ပုံများနှင့် နည်းလမ်းများပါဝင်ပါသည်။ PLA အား လိုအပ်ချက်များ၊စီမံကိန်း ရေးဆွဲမှု၊ စောင့်ကြည့်ကြီးကြပ်မှု သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်မှု စီမံချက်များကို သတ်မှတ်ဖော်ထုတ်ရန်၊ တိုင်ပင်ဆွေး နွေးရုံမျှမက ရှေ့ဆက်နိုင်မည့် အခွင့်အရေးကို ပေးရန်နှင့် တက်ကြွစွာ ပါဝင် ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန် အသုံးပြုနိုင်ပါသည်။

အစဉ်အလာအရ ဤနည်းလမ်းအား ကျေးလက်နေလူထုနှင့်အတူ လက်တွဲဆောင်ရွက်ရာတွင် အသုံးပြုနေခြင်းဖြစ်သော်လည်း စခန်းစီမံခန့်ခွဲမှုဂန်ထမ်းများအတွက်လည်း အစည်းအဝေးများနှင့် ဦးတည်အုပ်စုဆွေးနွေးပွဲများ ကျင်းပရာတွင် အသုံးဝင်သောလမ်းညွှန်များ ဖြစ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုနှင့် အနီးကပ်ထိတွေ့ကာ လုပ်ငန်းများဆောင်ရွက်နေရသော ဂန်ထမ်းများအား PLA နည်းစနစ်များကို လေ့ကျင့်သင်တန်းပေးရန် စဉ်းစားနိုင်ပါသည်။

## လူထုအား ပါဝင်ဆောင်ရွက်စေခြင်းအတွက် စိန်ခေါ်မှုများ

လူထုပါဝင်ဆောင်ရွက်ခြင်းသည် စခန်းစီမံခန့်ခွဲမှု၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် စခန်းတွင်း နေထိုင်မှုဘဝစက်ဝန်းအတွင်း ကြုံတွေ့နိုင်သော စိန်ခေါ်မှုများနှင့် ထိုစိန်ခေါ်မှုများ သက်သာလျော့ပါးရေး လုပ်ဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

### လူထုပါဝင်ဆောင်ရွက်မှုအပေါ် ရှုမြင်ပုံများ

လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုများကို လှုပ်ရှားသက်ဝင်စေနိုင်သော မောင်းနှင်အားများသည် ယဉ်ကျေးမှု၊ ယုံကြည် ချက်များ၊ စံသတ်မှတ်ချက်များ၊ တန်ဖိုးများနှင့် အခွင့်အာဏာ ဆက်နွယ်ပုံများပေါ်တွင် မူတည်ပါသည်။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း လုပ်ဆောင်သူများ တစ်ခါတစ်ရံ ပြုလုပ်လေ့ရှိသော အမှားတစ်ခုမှာ လူထုပါဝင်ဆောင်ရွက်မှုအား လူအားလုံးက ကောင်းမွန်သောအရာတစ်ခုအဖြစ် အလိုအလျောက် လက်ခံလိမ့်မည်ဟု ယူဆထားခြင်းပင် ဖြစ်သည်။ လုပ်ဆောင်သူများက သာတူညီမျှရှိပြီး လူအားလုံး ပါဝင်ဆောင်ရွက်သော နည်းလမ်းကို အကောင်အထည် ဖော်လိုသော်လည်း ထိုနည်းလမ်းသည် ဓလေ့ထုံးစံ အများအပြား၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိပါ။ ထို့အတွက်ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ဆက်စပ်နေသော အခြေအနေအကြောင်းခြင်းရာများကို လုံလောက်စွာ နားလည်သိရှိကာ ယဉ်ကျေးမှုဓလေ့ထုံးစံများအပေါ် လေးစားမှုနှင့် ပြောရေးဆိုခွင့်မရှိသူများအား ပြောရေးဆိုခွင့်ရှိလာအောင် ဆောင်ရွက်ပေးမှုတို့အကြား ဘက်ညီမျှတသည့် အဖြေတစ်ခုကို ရှာဖွေရန် အရေးကြီးပါသည်။ စခန်းလူထုနှင့် စခန်း စီမံ ခန့်ခွဲမှုအေဂျင်စီတို့သည် လူထုပါဝင်ဆောင်ရွက်သည့် လှုပ်ရှားမှုများမှ လက်တွေ့မကျသော မျှော်လင့်ချက်များကို ထားရှိတတ်ပါသည်။ ထိုမျှော်လင့်ချက်များသည် ရှင်းလင်းမှုရှိပြီး ရွှေ့ပြောင်းနေထိုင်သူများ၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းတွင်းလုပ်ကိုင်နေသော ပါဝင်ပတ်သက်သူများအားလုံး သဘောတူကာ အတူမျှဝေထားရှိသော မျှော်လင့်ချက်များ ဖြစ်ရန် လိုအပ်ပါသည်။ စခန်းစတင်ထူထောင် သည့်အချိန်မှပင် စတင်၍ ဆွေးနွေးမှုများကို ပွင့်လင်းစွာ ပြုလုပ်သင့်ပါသည်။ ပါဝင်ပတ်သက်သူများအားလုံးအကြားတွင် လူထုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆွေးနွေး ပြောဆိုနိုင်မည့် နေရာတစ်နေရာရှိနေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

### အချိန်နှင့် အရင်းအမြစ်များ

စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများ၏ ပြုမူဆောင်ရွက်ပုံများ၊ ဆက်သွယ်မှုပုံစံများနှင့် ကျွမ်းကျင်မှုများအားလုံးသည် စခန်းလူထုပါဝင်ဆောင်ရွက်နိုင်မှု အတိုင်းအတာအပေါ် ကြီးမားသော သက်ရောက်မှု ရှိပါလိမ့်မည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကြီးကြပ်ပံ့ပိုးမှုနှင့် လမ်းညွှန်မှုများကို ရေရှည်ပြုလုပ်သွားရမည်ဖြစ်သလို လိုအပ်သော အချိန်နှင့် အရင်းအမြစ်များ ပံ့ပိုးပေးရမည်ဖြစ်သည်။

### အရေးပေါ်အခြေအနေ အစောပိုင်း တုံ့ပြန်ဆောင်ရွက်မှုများတွင် လူထုပါဝင်ဆောင်ရွက်မှု

တစ်ဘက်မှကြည့်မည်ဆိုလျှင် လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုများနှင့် လက်တွဲလုပ်ကိုင်ခြင်းသည် ရေရှည်လုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။ အခြားတစ်ဘက်မှ ကြည့်လျှင်လည်း မြန်ဆန်စွာ စတင် ဖြစ်ပေါ်လာသော ကပ်ဘေးများအတွက် တုံ့ပြန်ဆောင်ရွက်မှုတွင် လူထုအား ပါဝင်ဆောင်ရွက်စေမှုသည် အရေးပေါ်နှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်လျော့သွားစေနိုင်ပါသည်။ တစ်ခါတစ်ရံတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထု၏ ပါဝင်ဆောင်ရွက်မှု လုံးလုံးလျားလျား မရှိဘဲ ဆုံးဖြတ်ချက်များကို ချမှတ်ရသည့် အနေအထားမျိုး ကြုံတွေ့ရနိုင်ပါသည်။ အထူးသဖြင့် လူ့အသက်များ ဆုံးရှုံးရန် အန္တရာယ်ရှိသည့် အခြေအနေမျိုးတွင် ဖြစ်သည်။ ဟန်ချက်ညီ မျှတမှုရှိအောင် ဆောင်ရွက်တတ်ရန်လိုပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် တစ်ခါတစ်ရံတွင် လူအနည်းငယ်မျှနှင့်သာ တိုင်ပင်ကာ ဆုံးဖြတ်ချက်များကို အရေးတကြီးချမှတ်ရနိုင်သော်လည်း လူထုမှ ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရန် လိုအပ်မှုကို အစဉ်အမြဲ သိရှိနားလည်ထားရပါမည်။

### ပုံစံတူ ဆောင်ရွက်နိုင်မှု

လူထုပါဝင်ဆောင်ရွက်သော ဖွဲ့စည်းမှုများသည် ဆက်စပ်နေသော အခြေအနေပေါ်တွင် များစွာမူတည်နေပါသည်။

အောင်မြင်သော လူထုပါဝင်ဆောင်ရွက်မှု နည်းလမ်းတစ်ခုအား အခြားအခြေအနေတစ်ခုတွင် ပုံတူ ကူးယူကျင့်သုံး၍ မရနိုင်ပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထု၏ ပါဝင်ဆောင်ရွက်မှုကို ထိရောက်စွာ ရရှိနိုင်ရန်အတွက် အခြေအနေတစ်ရပ်အား လွှမ်းမိုးရှုပ်ထွေးစေသော မောင်းနှင်အားများနှင့် ဒေသ၏ ယဉ်ကျေးမှုတို့ကို နားလည်သဘောပေါက်စေရန် ကြိုးပမ်းအားထုတ်ရပါမည်။ ထိုသို့နားလည်သဘောပေါက်နိုင်ရန်မှာ အရေးပေါ်အခြေအနေ စတင်စဉ်ကတည်းက စခန်း လူထု၊ အနီးပတ်ဝန်းကျင်မှ ရပ်ရွာလူထု၊ နိုင်ငံ့အာဏာပိုင်များနှင့် ဆွေးနွေးမှုများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းမှု အများအပြားကို ပြုလုပ်ရန် လိုအပ်ပါသည်။

## ပွင့်လင်းမြင်သာမှု

စခန်းလူထုနှင့် ပွင့်လင်းမြင်သာစွာ ဆက်သွယ်ခြင်းသည် ထိရောက်သော လူထုပါဝင်ဆောင်ရွက်မှုအတွက် မဏ္ဍိုင်တစ်ခု ဖြစ်ပါသည်။ စခန်းလူထုအား တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်ဆောင်ရွက်စေခြင်းသည် စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းများနှင့် စခန်းလူထုအား တစ်ခါတစ်ရံ၌ အန္တရာယ်ရှိစေနိုင်ပါသည်။ သတင်းအချက်အလက် မျှဝေခြင်းသည် ကူညီထောက်ပံ့မှုများ အား လူသားချင်းစာနာထောက်ထားမှုနှင့် မသက်ဆိုင်သောရည်ရွယ်ချက်များအတွက် အလွဲအသုံးပြုခြင်းများကို ဖြစ်ပေါ် စေနိုင်ပါသည်။ ဝန်ထမ်းများနှင့် စခန်းလူထု၏ လုံခြုံရေးသည် မည်သည့်အရာထက်မဆို ပိုမိုအရေးကြီးသည့်အတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ကနဦးလေ့လာဆန်းစစ်မှုများ ပြုလုပ်စဉ်ကတည်းက လုံခြုံရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ ပါဝင် ပတ်သက်သူများအားလုံးနှင့်အတူ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအတွက် တူညီသော နည်းဗျူဟာတစ်ခုကို ချမှတ်ထားရမည်ဖြစ်သည်။ အကယ်၍ လုံခြုံရေးကို ထိခိုက်နိုင်သော အန္တရာယ်များကို ဖော်ထုတ်တွေ့ရှိပါကလည်း ပါဝင် ပတ်သက်သူများအားလုံးနှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တူညီသောနည်းဗျူဟာတစ်ခုကို ဖော်ထုတ် ချမှတ်ရမည် ဖြစ်ပါသည်။

## လူထုပါဝင်ဆောင်ရွက်မှုအား အလွဲသုံးစားပြုခြင်း

ရန်ပုံငွေများနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ကူညီထောက်ပံ့မှုများ လမ်းလွဲသွားခြင်းနှင့် သတင်းအချက်အလက်များကို ကြိုးကိုင်ထိန်းချုပ်ခြင်းတို့သည် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအတွင် အမှန်တကယ် ကြီးမားသော အန္တရာယ်များ ဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်သူများထဲမှ ရွေးချယ်ခန့်အပ်ထားသော ဝန်ထမ်းများသည် အခြားသော ရွှေ့ပြောင်းနေထိုင်သူများထံမှ ဖိအားများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ရနိုင်ပါသည်။ အထူးသဖြင့် မှတ်ပုံတင်စာရင်းသွင်းခြင်း နှင့် ဝေငှခြင်းဆိုင်ရာ ဝန်ထမ်းများသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရဖွယ်ရှိပြီး ဆွေမျိုးများ၊ မိတ်ဆွေများနှင့် ရပ်ရွာလူထု ခေါင်းဆောင်များထံမှ လာဘ်ပေးခြင်းနှင့် ဖိအားပေး ခိုင်းစေခြင်းများကို ခုခံတွန်းလှန်ရန် ခက်ခဲနိုင်ပါသည်။ ခေါင်း ဆောင်များ၊ လူထုကိုယ်စားလှယ်များသည် ၎င်းတို့၏ကိုယ်ကျိုးနှင့် ၎င်းတို့၏မိသားစု သို့မဟုတ် လူမျိုးစု ကောင်းကျိုး အတွက် စခန်းရှိ လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုကို အသုံးချနိုင်ပါသည်။ ထိုအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် လျှော့ပါးသက်သာသွားစေရန် အချိန်တိုတွင်း ပြင်ဆင်ပြောင်းလဲနိုင်သော အဖြေများမရှိပါ။ သို့သော် လုပ်ငန်း များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများကို အလှည့်ကျ ပြောင်းလဲတာဝန်ချထားခြင်း၊ ဝန်ထမ်းများနှင့် လူထုအတွက် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်စည်းမျဉ်းများနှင့် အလုပ်တာဝန်ဖော်ပြချက်များကို ရှင်းလင်း စွာ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းဖြင့် များစွာအထောက်အကူဖြစ်စေပါလိမ့်မည်။ အေဂျင်စီများသည် ဝန်ထမ်းများကို အနီး ဝန်းကျင်မှ ရပ်ရွာလူထုအပါအဝင် အုပ်စုအားလုံးထဲမှ ရွေးချယ်ခန့်ထားပြီး အနီးကပ်စောင့်ကြည့်ကြီးကြပ်ခြင်း၊ တိုင်တန်းမှု ယန္တရားများကို ထိရောက်စွာ ချမှတ်အသုံးပြုခြင်း၊ မြင့်မားသော တည်ကြည်ဖြောင့်မှန်မှုများအား အသိအမှတ်ပြုခြင်းနှင့် ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

## စခန်းလူထု၏ စိတ်ထက်သန်မှု

ကူညီထောက်ပံ့မှုများကိုသာ ရေရှည်မှီခိုအားထားနေခြင်း၊ ရွှေ့ပြောင်းနေထိုင်ရမှုကြောင့် ရရှိသော စိတ်ဒဏ်ရာနှင့် မိမိကိုယ်မိမိ လေးစားမှုနည်းပါးခြင်းတို့သည် စခန်းတွင်းလုပ်ငန်းများတွင် မိမိသဘောဆန္ဒအလျောက် ပါဝင်ဆောင်ရွက်လိုမှုကို ထိခိုက်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သင့်တော်သော လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုများမှ လုပ်ဆောင်သူများနှင့် ပူးပေါင်းညှိနှိုင်းကာ စခန်းလူထု၏ ပါဝင်ဆောင်ရွက်မှုသည် ကောင်းကျိုးများ ရရှိနိုင်ပြီး စခန်းတွင်းရှိ လူနေမှုအခြေအနေများကို

တိုးတက်စေနိုင်ကြောင်းကို အသိပညာပေးသည့် အစီအစဉ်များအား ဆောင်ရွက်ပေးနိုင်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှု မော်ဒယ် ပုံစံများအား ပါဝင်ပတ်သက်သူအားလုံး၏ သဘောတူညီမှုဖြင့် ရွေးချယ် သတ်မှတ်ကာ ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

## လူထုပါဝင်ဆောင်ရွက်မှုအတွက် ချဉ်းကပ်ဆောင်ရွက်ပုံအမျိုးမျိုးကို အသုံးပြုခြင်း

စခန်းတွင် လုပ်ငန်းဆောင်ရွက်နေကြသော ပါဝင်ပတ်သက်သူများတွင် လူထုအားပါဝင်ဆောင်ရွက်စေသည့်နည်းလမ်းများနှင့် နည်းဗျူဟာများအမျိုးမျိုးရှိနေနိုင်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ မူဝါဒများအမျိုးမျိုးကွဲပြားနေခြင်း၊ စခန်းတွင်းကြုံတွေ့ရသော အတွေ့အကြုံများ၊ ရန်ပုံငွေများသို့မဟုတ် တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများသည်စခန်းလူထုအား ဇဝေဇဝါဖြစ်စေပြီး တင်းမာမှုများကို ပေါ်ပေါက်စေနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဦးဆောင်ကာ စခန်းလူထုအတွက် တူညီသောချဉ်းကပ်ဆောင်ရွက်ပုံတစ်ခုဖြင့် ဆောင်ရွက်ရန်အားပေးသည့် ဆွေးနွေးမှုတစ်ခုကို သင့်လျော်ပါဝင်ပတ်သက်သူများနှင့် ပြုလုပ်သင့်ပါသည်။ ထို့ပြင် အကောင်းဆုံး ကျင့်သုံးမှု အလေ့အထများနှင့် သင်ခန်းစာများကို မျှဝေသည့် ဆွေးနွေးပြောဆိုမှုများကိုလည်း ဦးဆောင်ကျင်းပပေးသင့်ပါသည်။

### စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

- ✔ စခန်းစီမံခန့်ခွဲမှုလုပ်ငန်းတစ်ခုအနေဖြင့် ထိရောက်သော လူထုပါဝင်ဆောင်ရွက်မှုကို ပျိုးထောင်နိုင်ရန်အတွက် လိုအပ်သော အချိန်နှင့် အရင်းအမြစ်များကို အစီအစဉ်နှင့် ဘတ်ဂျက်များထဲတွင် ထည့်သွင်းရေးဆွဲခြင်း
- ✔ ဆန်းစစ်လေ့လာမှု၊ အစီအစဉ်ရေးဆွဲမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စောင့်ကြည့်ကြီးကြပ်မှုနှင့် ပြန်လည်သုံးသပ်မှုဟူသည့် စီမံချက်စက်ဝန်း၏ အဆင့်တိုင်းတွင် စခန်းလူထု ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ပတ်သက်သူများအားလုံး၏ သဘောတူညီမှုကို ရယူကာ အစီအစဉ်ရေးဆွဲဆောင်ရွက်ခြင်း
- ✔ လက်ရှိ သို့မဟုတ် အရေးပေါ်အခြေအနေ မဖြစ်ပေါ်မီကတည်းက ရှိနေသော လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုများကို လေ့လာဆန်းစစ်ခြင်း
- ✔ လူထုကိုယ်စားပြု ဖွဲ့စည်းမှုများ (အုပ်စုများ/ကော်မတီများ) ကို အခြေပြုကာ ဆက်လက် တိုးတက်အောင် ပံ့ပိုး ပေးခြင်းနှင့် မရှိသေးသော ဖွဲ့စည်းမှုများကို ဖွဲ့စည်းပေးခြင်း၊ ခေါင်းဆောင်များအား ရွေးကောက် တင်မြှောက် ခြင်း၊ ခန့်အပ်ခြင်း သို့မဟုတ် ရွေးချယ်ခြင်း
- ✔ ခေါင်းဆောင်များ၊ ကော်မတီဝင်များနှင့် ရပ်ရွာလူထုအုပ်စုများအတွက် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်စည်းမျဉ်းများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် အစည်းအဝေးများ စဉ်ဆက်မပြတ်ကျင်းပပေးခြင်း၊ လိုအပ်သောနေရာနှင့် ပစ္စည်းများကို ထောက်ပံ့ ပေးခြင်း
- ✔ ဖွဲ့စည်းထားသော လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုများအား စခန်းတွင်းရှိ ကူညီ ထောက်ပံ့မှု များ၊ ကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်နွယ်သည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်ဆောင်ရွက်စေခြင်း
- ✔ ထုံးတမ်းစဉ်လာအရ ရှိနေသော အခွင့်အာဏာမညီမျှမှုများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် မည်သည့်အုပ်စုကိုမျှ ဖယ်ကျဉ်ထားခြင်းမရှိဘဲ ဘက်ညီမျှတမှုရှိအောင် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်နေခြင်း
- ✔ ဖွဲ့စည်းထားသော လူထုပါဝင်ဆောင်ရွက်သည့် ဖွဲ့စည်းမှုများတွင် အမျိုးသမီးများ၊ သက်ရွယ်ကြီးသူများ၊ ကလေးများနှင့် အခြားသော ထိခိုက်လွယ်သည့် သို့မဟုတ် ဖယ်ကျဉ်ခံထားရသည့် အုပ်စုများကဲ့သို့ သီးခြားလိုအပ်ချက်ရှိသူများအား ကိုယ်စားပြုကာ ပါဝင်ဆောင်ရွက်စေခြင်း
- ✔ ကူညီထောက်ပံ့မှုများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို စခန်းလူထုထံမှ တင်ပြပေးနိုင်မည့် ပုံစံတကျနှင့် အလွတ်သဘော တုံ့ပြန်အကြံပြုမှု ယန္တရားများ ရှိနေစေခြင်းနှင့် ပါဝင်ပတ်သက်သူအမျိုးမျိုး၏ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သော သတင်း အချက်အလက်များ ရရှိစေခြင်း
- ✔ လူထုပါဝင်ဆောင်ရွက်မှုသည် လက်ခံနိုင်ဖွယ်ရှိသော အဆင့်တစ်ခုတွင် ရှိ၊ မရှိ နှင့် အုပ်စုများအားလုံးမှ ပါဝင် ဆောင်ရွက်နေမှု ရှိ၊ မရှိ စစ်ဆေးနိုင်ရန်အတွက် စောင့်ကြည့်ကြီးကြပ်သည့် စနစ်တစ်ခု ရှိနေစေခြင်း
- ✔ သတ်မှတ်ဖော်ထုတ်ထားသော လိုအပ်ချက်များကို အခြေခံကာ အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် အနီးကပ်ကြီး

ကြပ်သင်ကြားပေးခြင်းတို့အပါအဝင် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်တစ်ခုအား ပါဝင်ပတ်သက်သူများအားလုံး၏ သဘောတူညီချက်ကို ရယူကာ ရေးဆွဲထားခြင်း၊ ထိုအစီအစဉ်အရ စွမ်းဆောင်ရည် မြှင့်တင်မှု လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေခြင်း

- ✔ လူထုပါဝင်ဆောင်ရွက်နေသော ဖွဲ့စည်းတည်ဆောက်ပုံအမျိုးမျိုးအား ကူညီပံ့ပိုးနိုင်ရန်နှင့် လေ့ကျင့်သင်ကြား ပေးနိုင်ရန်အတွက် ဝန်ထမ်းများအား လူထုပါဝင်ဆောင်ရွက်စေမှု နည်းစနစ်များ အသုံးပြုပုံကို သင်တန်းများ ပေးကာ ကူညီပံ့ပိုးပေးခြင်း
- ✔ လူထုပူးပေါင်းဆောင်ရွက်မှုနှင့် ပါဝင်ပတ်သက်မှုများကို တန်ဖိုးထားတတ်ရန် စခန်းလူထု၊ အနီးဝန်းကျင်ရပ်ရွာမှ လူထု၊ နိုင်ငံအာဏာပိုင်များနှင့် ဝန်ဆောင်မှုပေးသူများကို စခန်းစီမံခန့်ခွဲမှုကော်မတီ မှ တိုက်တွန်းအားပေးခြင်း

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

**အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ**

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

- Adapted from the Good Enough Guide, 2007. Checklist for Running a Focus Group
- Adapted from the Good Enough Guide, 2007. Checklist for Setting Up a Complaint and Response Mechanism
- Active Learning Network for Accountability and Performance in Humanitarian Action (ALNAP), 2014.
- Closing the Loop - Effective Feedback in Humanitarian Contexts, Practitioner Guidance
- Catholic Agency for Overseas Development (CAFOD), 2008. Handling Community Feedback/Complaints
- CAFOD, 2010. Information Sharing with Communities
- Camp Coordination and Camp Management (CCCM), 2011. Proposed Terms of References for a Women's
- Committee in a IDP Camp/Communal Set-up
- Checklist For Setting Up and Running a Committee
- Handout 3, Camp Committee Code of Conduct
- Humanitarian Accountability Partnership (HAP), 2010. Camp Committee Assessment - A Tool to Decide How to Work with Camp Committees
- Hemmati M., Earthscan, 2002. Principles of Stakeholder Participation and Partnership
- Idealist On Campus, Action Without Borders. Power Mapping: A Tool for Utilizing Networks and Relationships
- United Nations Refugee Agency (UNHCR) and Adventist Development and Relief Agency (ADRA). Camp Election in Kharaz: Rules and Regulations (draft)
- World Health Organization (WHO), Emergency Health Training Programme for Africa, 1999. Coping Mechanisms

## ရည်ညွှန်းစာအုပ်စာတမ်းများ


- Aguaconsult for ECHO, 2012. Review of Existing Practices to Ensure Participation of Disaster-Affected Communities in Humanitarian Aid Operations
- ALNAP, 2003-2004. Global Study On Consultation and Participation of Disaster Affected Population
- ALNAP, 2009. Participation Handbook for Humanitarian Field Workers

- ALNAP, 2014. Humanitarian Feedback Mechanism
- Anne Stevenson and Rebecca Sutton, 2011. There's No Place Like a Refugee Camp? Urban Planning and Participation in the Camp Context
- CAFOD, 2010. Complaints Handling Mechanisms
- CDA Collaborative Learning Program, Mary B. Anderson, Dayna Brown and Isabella Jean, 2012. Time to listen: Hearing People on the Receving End of International Aid
- Complex Emergency Responses and Transition Initiatives, 2000. Rapid Assessment Procedures: Addressing the Perceive Needs of Refugees and Internally Displaced Persons through Participatory Learning and Action
- Emergency Capacity Building Project (ECB), 2007. Building Trust in Diverse Teams: The Toolkit for Emergency Response
- Human Accountability Partnership (HAP, 2009. The Right to a Say and the Duty to Respond - The Impact of Complaints and Response Mechanisms on Humanitarian Action
- Imogen Wall and Yves Gérald Chéry, 2010. Let them Speak
- Best Practice and Lessons Learned in Communication with Disaster Communities: Haiti 2010
- Norwegian Refugee Council (NRC), 2009. Coaching in Camp Management, Capacity Building for Camp Committees
- Sarah Thomas. What is Participatory Learning and Action: An Introduction
- UNHCR, 2006. The UNHCR Tool for Participatory Assessment in Operations
- World Food Programme (WFP), 2001. Participatory Techniques and Tools